Vol. 2 ., Issue 2

The Strategy First Times

November 21, 2016 ၁၃၇၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၇) ရက်နေ့၊ တနလ်ာနေ့ နှစ်ပတ် တစ်ကြိမ် / Digital Edition

What it takes to be a great leader

Ted Talk

"Leadership Program တွေဟာ ဘယ်လောက် အကျိုးရှိသလဲဆိုတာ ကျွန်မတို့ ကုမ္ပဏီပေါင်း (၄)ထောင် ကျော်ကို ဆက်သွယ်ပြီး လေ့လာမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ကုမ္ပဏီတွေရဲ့ ၅၈ ရာခိုင်နှုန်းက တိုးတက်ရေးသင်တန်းတွေ ပေးနေပေမယ့် ခေါင်းဆောင်နိုင်မှုပိုင်းကတော့ တိုးတက်မှု မရှိလာဘူးလို့ ဆိုပါတယ်။ သင့်အလုပ်ဟာ သင့်ကို ခေါင်း ဆောင်ကောင်းတစ်ယောက် ဖြစ်လာဖို့အတွက် ပျိုးထောင် ပေးနေတယ်လို့ ထင်ချင်ထင်မယ်၊ ဒါပေမဲ့ မဟုတ်ဖို့ များ ပါတယ်"

စာ - ၁၁ သို့

Strategy First မှ **Learning Day** ကျင်းပပြုလုပ်ခဲ့ပြီး **MBA** ပညာသင်ဆု ပေးအပ်မည့်အစီအစဉ်များကိုလည်း ကြေငြာခဲ့

စာ - ၂ သို့

Movie Review

စာ - ၇ သို့

The Shallows (2016)

ကယားသို့ အလည်တစ်ခေါက်

Travel

စာ - ၁၀ သို့

သင်တန်းကြေး အခက်အခဲရှိတဲ့သူတွေ အဆင်ပြေအောင် Education Loan ဝန်ဆောင်မှုပေးတာပါ။

စာ - ၁၂ သို့

Strategy First

MBA

USD 10,000
Scholarship Lucky Draw
Strategy First မှကျောင်းသား၊ သူများအတွက်သာ

EDINBURGH BUSINESS SCHOOL
HERIOT-WATT UNIVERSITY

STAMFORD INTERNATIONAL UNIVERSITY

Strategy First မှ Learning Day ကျင်းပပြုလုပ်ခဲ့ပြီး MBA ပညာသင်ဆု ပေးအပ်မည့် အစီအစဉ်များကိုလည်း ကြေငြာခဲ့

Strategy First Institute ရဲ့ Learning Day ခေါင်းစဉ်နဲ့ဟောပြောပွဲကိုနိုဝင်ဘာလ ၁၄ ရက်နေ့က အမျိုးသားကဇာတ်ရုံမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ပွဲမှာ မြန်မာနိုင်ငံသမ္မတရဲ့စီးပွားရေးအကြံပေးအဖြစ်ဆောင်ရွက်ခဲ့ဖူးသူ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်၊ **Strategy First** မှ Academic Director ဖြစ်သူ ဆရာကြီး ဒေါက်တာစိန်မင်းနဲ့ **Strategy First** ကျောင်းအုပ်ဖြစ်သူ ဆရာဦးအောင်ချစ်ခင်တို့က ဟောပြောခဲ့ကြပါတယ်။

ညနေပိုင်းမှာလည်း ဆရာဦးအောင်ချစ်ခင်နဲ့အတူကျောင်းသား/သူများက Business Plan ရေးဆွဲခြင်းကို အဖွဲ့လိုက် ပြုလုပ်ခဲ့ကြပါတယ်။

Learning Day ပွဲနေ့မှာ **Strategy First** မှ ပေးအပ်မယ့် MBA ပညာသင်ဆု (၂) ဆုကိုလည်းကြေငြာရှင်းလင်းသွားခဲ့ပါတယ်။

ပထမတစ်ခုကဆရာမကြီးဒေါ်ခင်အုန်းသန့် MBA Scholarship ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ **Strategy First** မှာသင်တန်းများတက်ရောက်ခဲ့ဖူးတဲ့ကျောင်းသား၊ ကျောင်းသူများအတွက် MBA Scholarship ဖြစ်ပြီး တစ်နှစ် (၂) ကြိမ် ကံစမ်းမဲဖောက်ကာ ပေးအပ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ ဒီကံစမ်းမဲမှာ ဒေါ်လာ ၁၀၀၀၀ ဆုကိုတစ်နှစ် (၂) ကြိမ် ကံစမ်းပေးမှာဖြစ်ပြီး ဒေါ်လာ ၅၀၀၀၊ ၃၀၀၀ နဲ့ ၁၀၀၀ ဆုတွေကိုတော့ လျှောက်ထားသူ အရေအတွက်အပေါ်မူတည်ပြီး ကံစမ်းပေးသွားမှာပါ။

ပညာသင်ဆုရရှိသူတွေဟာ ပညာသင်ဆုများကို **Strategy First** မှာသင်ကြားပေးနေတဲ့ Edinburgh Business School (Heriot-Watt University) MBA နဲ့ Stamford International MBA တို့ကိုတက်ရောက်ဖို့ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မတ်လကလည်း **Strategy First Institute** မှ Leading Change In The New Era ခေါင်းစဉ်ဖြင့် Forum ကို ကျင်းပခဲ့ပါတယ်။

နောက်တွင်လည်းကျောင်းမှနေပြီးကျောင်းသား/ကျောင်းသူများ စဉ်ဆက်မပြတ် လေ့လာနိုင်ရန်၊ကျောင်းသား/ကျောင်းသူဟောင်း/သစ်များ ပြန်လည်တွေ့ဆုံနိုင်ရန် ရည်ရွယ်ပြီး ဟောပြောပွဲများ၊ Activity များကို အလျဉ်းသင့်သလို စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်။

SFJ Team

Dr.Daw Khin Ohn Thant MBA Scholarship ချီးမြှင့်မည်

Strategy First Institute မှ နာယကကြီးတစ်ဦးဖြစ်တဲ့ ဆရာမကြီး ဒေါ်ခင်အုန်းသန့်အား ဂုဏ်ပြုသောအားဖြင့် ဒေါ်လာတစ်သောင်း MBA ပညာသင်ဆုကို Dr. Daw Khin Ohn Thant MBA Scholarship အနေနဲ့ ရွေးချယ်ချီးမြှင့် ပေးသွားမှာဖြစ်ပါတယ်။ ငွေကြေးလိုအပ်ချက် ရှိသူများမှ ထူးချွန်သူကိုသာ ရွေးချယ်မယ့် Need Based Scholarship အမျိုးအစား ဖြစ်ပါတယ်။

ပညာသင်ဆုလျှောက်ထားလိုသူတွေဟာ ၂၀၁၆ ဒီဇင်ဘာ (၁) ရက် နောက်ဆုံးထား လျှောက်ထားရမှာဖြစ်ပြီး လျှောက်ထားလိုသူတွေအနေနဲ့

1.How MBA will change my life

2. Why I need this scholarship (Financial Reasons - အထောက်အထားဖြင့် တင်ပြရန်)

စတဲ့ ခေါင်းစဉ်နှစ်ခုကို စာလုံးရေ (၇၀၀) စီ ရေးသားလျှောက်ထားရမှာ ဖြစ်ပါတယ်။

How MBA will change my life ခေါင်းစဉ်က ဆန်ခါတင်ရွေးချယ်ခံရဖို့အတွက် ၆၀ ရာခိုင်နှုန်း သက်ရောက်မှုရှိမှာဖြစ်ပြီး I need the scholarship because ခေါင်းစဉ်က ၄၀ ရာခိုင်နှုန်း သက်ရောက်မှု ရှိမှာဖြစ်ပါတယ်။

သတ်မှတ်ချက်များ

၁။ ဘွဲ့တစ်ခုခု ရရှိထားပြီး လုပ်သက်အနည်းဆုံး (၃) နှစ် ရှိရပါမယ်။

၂။ MBA ဘွဲ့ရထားပြီးသူများ မဖြစ်စေရ။

၃။အင်္ဂလိပ်စာကျွမ်းကျင်မှုရှိပြီး IELTS 6.0 အနည်းဆုံးရရှိထားသူဖြစ်ရပါမယ်။ IELTS မဖြေဆိုရသေးလျှင်လည်း ဆန်ကာတင် အရွေးခံရပါက ကျောင်းမှာ စစ်ဆေးပေးမှာဖြစ်ပါတယ်။

ပေးပို့ရမယ့် စာရွက်စာတမ်းများ

၁။ How MBA will change my life (စာလုံးရေ ၇၀၀)

၂။ Why I need this scholarship (စာလုံးရေ ၇၀၀)

၃။ CV Form

၄။ ဘွဲ့လက်မှတ်မိတ္တူနဲ့ အခြားအထောက်အထားပြနိုင်မယ့် စာရွက်စာတမ်းများ

၅။ ငွေကြေးလိုအပ်ချက်ရှိသည်မှာ မှန်ကန်ကြောင်း ထောက်ခံစာ

Important Dates

1 December 2016 - လိုအပ်သော စာရွက်စာတမ်းများနဲ့တကွ ပေးပို့လျှောက်ထားရမည်။

7 December 2016 - ဆန်ကာတင် (၅) ဦးစာရင်းကို ကြေညာမည်။

10 December 2016 - ရွေးချယ်ရေး အဖွဲ့မှ ဆန်ကာတင် (၅) ဦးကို လူတွေ့စစ်ဆေး မည်။

11 December 2016 – Scholarship ရရှိသူကို ကြေညာပေးမည်။

Terms and Conditions

၁။မြန်မာနိုင်ငံသားဖြစ်ရမည်။

၂။ ပညာသင်ဆုကို လုံးဝလွှဲပြောင်းခွင့်မရှိပါ။

၃။ ငွေသားဖြင့် တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ အလုံးစုံသော်လည်းကောင်း လဲလှယ်ခွင့်မရှိပါ။ ငွေပြန်အမ်းခြင်း ရှိမည်မဟုတ်ပါ။

၄။ပညာသင်ဆုကို **Strategy First** မှ MBA သင်တန်းအတွက်သာ အသုံးပြုနိုင်မည်ဖြစ်ပြီး အခြားသင်တန်းများတွင် အသုံးပြုခွင့်မရှိပါ။

၅။ Stamford Signature MBA အတွက် သင်တန်းကြေးထပ်မံပေးသွင်းစရာမလိုတော့ဘဲ EBS MBA ကို ရွေးချယ်တက်ရောက်လိုပါက ကျန်ရှိသော သင်တန်းကြေးကို ထပ်မံပေးသွင်းရပါမည်။

နိုင်ငံတကာ လေ့လာရေးခရီးစဉ်များကို မိမိသဘောဖြင့် လိုက်ပါလိုလျှင် ကုန်ကျစရိတ်များကို ကိုယ်တိုင်ကျခံရမှာဖြစ်ပါတယ်။

၆။ပညာသင်ဆုရသူသည်ကျောင်းမှသတ်မှတ်ထားသောစည်းကမ်းများကိုလိုက်နာပြီးစံပြကျောင်းသား/သူ အဖြစ် သတ်မှတ်ချိန်အတွင်း MBA ပြီးဆုံးအောင် တက်ရပါမည်။

၇။ စာမေးပွဲ ကျရှုံးခြင်းများ ရှိပါက မိမိကိုယ်ပိုင်ငွေဖြင့် ထပ်မံပေးဆောင်ရပါမည်။

၈။ဆန်ကာတင် (၅) ဦးကို **Strategy First** တွင် နှစ်သက်ရာသင်တန်းများတက်နိုင်ရန် (၅) သိန်းကျပ်တန်ဖိုးရှိပညာသင်ဆုတစ်ဆုစီ ချီးမြှင့်မှာ ဖြစ်ပါတယ်။

၉။ ပညာသင်ဆုမရရှိသူများသည် နောင်အခွင့်အရေးရှိသောအခါ ထပ်မံလျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။

၁၀။ ပညာသင်ဆု ရရှိသူသည် နိုင်ငံတိုးတက်မှုအတွက် အကျိုးရှိစေသော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပြီး လိုအပ်သူများကို ဆက်လက်ကူညီမည်ဟု ဆန္ဒပြုရပါမယ်။

လျှောက်ထားသူများထဲမှာ ဆန်ကာတင် ရွေးချယ်ခံရသူများကို နာယကကြီးများ ဖြစ်ကြသော ဆရာမကြီး ပါမောက္ခ ဒေါက်တာ ဒေါ်လှမြင့်၊ ဆရာမကြီး ဒေါက်တာ ဒေါ်ခင်အုန်းသန့်၊ **Strategy First** ရဲ့ Academic Director ဆရာကြီး ဒေါက်တာဦးစိန်မင်းတို့မှ လူတွေ့မေးမြန်းစစ်ဆေးပြီး အသင့်တော်ဆုံးနဲ့ အလိုအပ်ဆုံး ကျောင်းသားတစ်ယောက်ကို ရွေးချယ်သွားမှာ ဖြစ်ပါတယ်။

ဆရာမကြီး ဒေါက်တာဒေါ်ခင်အုန်းသန့် ပညာသင်ဆု ရွေးချယ်ခံရသူဟာ ဒေါ်လာတစ်သောင်း ပညာသင်ဆုကို **Strategy First Institute** မှာ ဖွင့်လှစ်လျက်ရှိတဲ့ UK နိုင်ငံမှ Edinburgh Business School (Heriot-Watt University) နဲ့ထိုင်းနိုင်ငံမှ Stamford International University တို့ရဲ့ MBA သင်တန်းတွေမှာ အသုံးပြုကာ တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၆ ဇွန်လမှာလည်း ဆရာမကြီး ဒေါက်တာ ဒေါ်လှမြင့် MBA Scholarship ကို ကိုလူဂျီးနိုမှ ရရှိခဲ့ပြီး ယခုအခါမှာ Stamford မှ Signature MBA ကို တက်ရောက်နေပြီ ဖြစ်ပါတယ်။ ပညာသင်ဆုများလျှောက်ထားရန် အသေးစိတ်အချက်အလက်များကို ကျောင်းမှာ စုံစမ်းမေးမြန်းနိုင်ပါတယ်။

Scholarshipများမှာကျောင်းရှိဆရာကြီး၊ ဆရာမကြီး၊ ကျောင်းသား၊ ကျောင်း သူများနဲ့ ဝန်ထမ်းအဖွဲ့သားများရဲ့ပညာအလှူဒါန ဖြစ်ပါတယ်။

The Strategy First Times

Editor-in-Chief
Aung Chit Khin

Advisor
Dr. Sein Min

Editor-in-Charge
Thiha Ko Ko

Senior Reporter/ Assistant Editor
Naing Naing Zaw

Translation Editor
Thiha Than Naing

Contributors
NCC Students

Layout & Design
War War Tun

Senior Business Manager
Aung Kyaw Htay
May Thet Hnin

Free Distribution

Price - Free
Circulation - 2500

Publisher
Aung Chit Khin
(Reg - 01221)

Printing House
U Aung Naing Tun
(Amimyay - 00199)

Address
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

မလေးရှားမှာ ကျင်းပပြုလုပ်တဲ့ Bett Asia Leadership Summit 2016 နဲ့ Wilton Park Forum တို့ကို Strategy First Institute မှ ဆရာဦးအောင်ချစ်ခင် တက်ရောက်

British Council ရဲ့စီစဉ်မှုနဲ့ Strategy First မှ Founder နဲ့ Principal ဆရာဦးအောင်ချစ်ခင်ဟာမလေးရှားနိုင်ငံ Mandarin Oriental ဟိုတယ်မှာ ကျင်းပပြုလုပ်တဲ့ Bett Asia Leadership Summit 2016 ကို နိုဝင်ဘာ ၁၅-၁၆ ရက်နေ့တို့မှာ တက်ရောက်ခဲ့ပါတယ်။ Bett Asia Leadership Summit ဟာ အရှေ့တောင်အောင် အာရှနိုင်ငံများမှ Education Leader များရဲ့အကြီးမားဆုံးတွေ့ဆုံပွဲကြီးဖြစ်ပါတယ်။ အာရှတစ်ဝန်းမှ policy-maker များ သင်ကြားရေးနဲ့ ပညာရေးပိုင်းမှခေါင်းဆောင် ၁၅၀၀ ကျော်ပါဝင်ခဲ့ကြပြီး နောက်ဆုံးပေါ် Trend များ၊ စိန်ခေါ်မှုများနဲ့ ကမ္ဘာတစ်ဝန်းမှာ တိုးတက်လာနေတဲ့ Education Technology နဲ့ဆန်းသစ်တီထွင်မှုများအကြောင်း ဆွေးနွေးခဲ့ကြပါတယ်။

Bett Asia နဲ့အတူ နိုဝင်ဘာ ၁၆ နဲ့ ၁၇ တို့မှာလည်းမလေးရှားနိုင်ငံဆိုင်ရာပြိတိသျှမဟာမင်းကြီး အိမ်တော်မှာ Buliding a skilled workforce in South East Asia:harnessing partnerships for success ခေါင်းစဉ်နဲ့ ကျင်းပပြုလုပ်တဲ့ Wilton Park Discussion ကိုလည်းတက်ရောက်ခဲ့ပါတယ်။ Wilton Park: The forum for global change ဟာနိုင်ငံတကာမှ politics၊ diplomacy၊ academia၊ business၊ civil society၊ military၊ media စတဲ့ နယ်ပယ် အသီးသီးမှ ပညာရှင်တွေစုဝေးပြီး ကျင်းပပြုလုပ်တဲ့ တွေ့ဆုံဆွေးနွေးပွဲဖြစ်ပြီးတော့ယခုပွဲမှာပညာရေးစနစ်နဲ့ အလုပ်ခွင်ဝင်အဆင့်ဖြစ်မှု၊အလုပ်အကိုင်ဆိုင်ရာလေ့ကျင့်သင်ကြားပေးခြင်း များအကြောင်းဆွေးနွေးကြခြင်းဖြစ်ပါသည်။

The Strategy First Times

ကြော်ငြာအရွယ်အစား	အတွင်းစာ	နောက်ကျောဖုံး
1/4 page H (9 in x 3.5 in)	50,000 ks	-
1/4 page V (4.3 in x 6.5 in)	50,000 ks	-
Half-page (9 in x 7 in)	100,000 ks	-
Full-page (10 in x 15 in)	200,000 ks	-

The Strategy First Times ကို စောင်ရေ (၂၅၀၀) နှစ်ပတ်တစ်ကြိမ် ရိုက်နှိပ်ပြီး Strategy First Institute တွင် အခမဲ့ ဖြန့်ဝေသည်။ ကျောင်းသား/သူများ၏ ကြော်ငြာများကိုသာ လက်ခံပါသည်။ ပြင်ပကြော်ငြာများ လက်မခံပါ။ ကြော်ငြာအားလုံးကို ရောင်စုံ 4C ဖြင့် ရိုက်နှိပ်ပြီး ကြော်ငြာမျက်နှာ ကန့်သတ်ထားပါသည်။ Vacancy များအတွက် ၂၀% လျှော့ပေးပါမည်။ ကျောင်းသား/သူများ၏ လက်ထပ်မင်္ဂလာသတင်းများကို အခမဲ့ ဖော်ပြပေးပါသည်။ လူကြီးမင်း၏ ကြော်ငြာ လက်ခံ/လက်မခံကို အယ်ဒီတာအဖွဲ့မှ ဆုံးဖြတ်ပါမည်။ ကြော်ငြာအတွက် ကိုစောဟေသဆဲ (Student Services Manager) (09) 250717166 - 67 - 68 ကို ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။

လစဉ်ထုတ် SFJ ကို ကြိုတင်မှာထားပြီး ကျောင်းမှာ ယူမယ်ဆိုရင် ၁၅၀၀ ကျပ်

ကျောင်းမှာ ရောင်းချေး ၂၂၀၀ ကျပ်
ပြင်ပရောင်းချေး ၂၅၀၀ ကျပ်

Hot-line: 09250717166 ~ 68

လစဉ်ထုတ် SFJ တွင်အောက်ပါ နှုန်းထားများဖြင့် ကြော်ငြာနိုင်ပါသည်။
ကျောင်းသား/သူများအတွက် အထူးလျှော့ရေး - ၁၀%

ရှေ့အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in)	450,000 ks
နောက်အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in)	450,000 ks
ကျောဖုံးပြည့် (Art Paper) (7.5 in x 10 in)	700,000 ks
အတွင်းသား စာမျက်နှာပြည့် (Woodfree) (7.5 in x 10 in)	320,000 ks
အတွင်းသား ၂ မျက်နှာတွဲ (Woodfree) (15 in x 10 in)	445,000 ks

HP Pavilion Laptop
Ignite your imagination.

Pavilion 15-AU087TX (i7)
Pavilion 15-AU088TX (i7)

- 6th Generation Intel® CoreTM i7-6500U (2.5GHz, 4MB Cache)
- Nvidia Geforce GT940MX 2GB
- 4GB DDR4, 1TB HDD
- Super Multi DVD-RW
- 15.6" Diagonal HD LED Display
- LAN, BT4.2, Camera
- 2 Cell Battery

USD 749

Royal Smart Co., Ltd.
HP Showroom & Service Center (Yangon) : No.174, 36th St (Middle), Kyauktada Tsp., Yangon. Tel: 01379564, 379835, 371262, 09 2500 88599, 88699, 88600.
HP Showroom & Service Center (Mandalay): No. (C4-2), Between 32nd & 33th Street, Between 77th & 78th Street, Yadana Lane, Chanayetharsan Tsp, Mandalay. Tel: 09 910 22630

Learning က ဘဝအတွက် ဘယ်လောက်အရေးကြီးသလဲ

a':aX;aX;jrifh

(Lecturer)

Learning qkdwm t quf jywf qnfyl,avhvm&r,fhoabm&G,fw,f tx|ojzifukdftem*wf ukd,rifrifhrSfxm;w,fqkdif Continuous Learning ukdtm;pkdf &rSy/ u|efwkdYnma&;e,fy,f uvlawqkdiftopfopfaomenf ynmqkd&mawtjyifukd,feYoifh avmfwlbmom&yfoDkdDvu tr ajymifjvaeawmht quf jywf avhvmae&qy/ Study eYLearn qkdwmu b0rSftlrwrfjvkdwh&m yy/ vli,fawtaeeYnfwjcm; pdwfoifpm;p&mawt&rfay;vmwh 'Dtcefrsdf Learn vkdfwmenfom; Ekdayr,fhzmfajza&;tpDpOfuae jyefyDoif,EkdifYtcefukdumif; aumiftokdzkd&;tuDw,f

a':rm&Dvifatmifcif

(Lecturer)

'Dtcefukdwuóemfukdfuay;wh bwpfckvmuefYb0&yfwnfzkd odyfDv,fyjbl/ q&m0eftifjif eDmpwhya&mfzu&Sd,fvkdfu vlyDya'awmifSa&Sdeay;up av;awqkdtawmfav;tuqdm;& w,fTeacher qkdefmEkdifhSL.M vkdcwhmpwmlyDm;yDopaw; va&mufawmhowkdYpkdujrefm ynma&;ukdtodSyfjyawmhol wkdDa&Sdevkdzkd&mrtvkfvkf &ifnaumifrSyefoif&w,ftck aumifu Education Loan aw vkdfay;awmhvli,fawpmoifzkd ryjifuyeYbwpfckyDyDvm r[kwfybl/ tvkfvkf&ifeYquf oifvkdwhtwufuqdm;uy/'jrkd Learning qkdwmukdfb0twuf tcefvkdfta&;tuDw,f

OpfaumfvifOD

(MBA.EBS)

oif,hqkdwmawmhtlrwrf vkdfae&rSy? uefawmfwkdYnf t&ifwkdfu oifwefawwufw,f avhvmrawtrm;tuDvkdayr,fh tckcefrSfawub,favmuf txdcwfeYkdfavmnDxjzpf aevqkdwm okdyfzkd vkdwmyD ukdfukdfukdfao;aerSukdfu xufrwfyDyfwnfvkdrSay;hopf rckwfcifva&;wloeYpfckwfzkd tlrwrfjtm½kdfaeoEdkDrS&if tcefvef&ifumom;ovkdy/ vkdf iefwpfckOfqmifltykdfukdwmOef ,lxm;wloawtaeeYkdwmif avhvmzkdYdo;w,fukdfae*m awXmeacifaqmifawu olwkd tcuftcukdvmwifyaq;aE;vkd ukdfutajz&Sdy;zkdifukdod em;vnfaerSzpfrSay;h

a'jufvmxuftmifEkdifvif

(Selling & Sales Management, Advertizing)

Learning qkdwm vlwkdif twuftaq;ujDw,f&yfxm; vkdwh&mvnfr[kwfbl/ tck ut&m&mwkdfuajymifjvaewm qkdwmhwpfcefukdfbifxm;wh t&mawu tckcefrSb,f avmuftxdvkdfavmnDxjzpf yjhvayjht 'Dtcefrsukdfu oif,lavhvmrawukdyfvkdfvm eYkdfuefchJ/'jaumifukdfb0 wkdvufa&;qkdifawmufavmuf Learn vkdfaerS&yjvdh,f'D ae&mrSmoifcefxm&whtykdf awtjyifvufawkd0rSukdae &whzpf&yfaway:rSvnfoif,l Ekdkdwkdw,fodDkdvu,fvuf awkd0rSukdaewh&mawum; rSayjifpyEkdifvnfvkdw,f

aevif

(HRD,Customer Service)

Learning qkdwm vlwkdif twuftaq;ujDvkdufeawmf twufvnf t&rftaq;ujDvh t&mwpfck/ uefawmftckvkdae whtvkdfeYaemufrSqufvkdfzkd rSfxm;whtvkdfuvnfLearning eYDevelopment qkdwmhukdf vufatmufuvlaw?ukdfqD jyefra0r,folaw wkdwufapzkd uefawmfukdfwkdfwkdvufjDoae wufaezkdt&rftaq;ujDw,f tvkdfuvnfHR tykdfrSqkdwmh uefawmftwufuawmhLearning eYb,fvkdifumvkdkdjzpfjbl/ oif,lavhvmrr&Sdfvnfolrm; ukdaqmifzkdkdwmrjzpfwhtwuf oif,l&ifavhvm&ifeYtlrwrf om;aeyjw,f

atmifrefefzL

(Customer Service)

trSdawmhvlawuar;puae toufuDvhtxdLearning vkdf ae&rSy? todynmwpfckzkdzpfzpf ukdfb0twufta&;tuDvhynm &yfwpfckkdukdvhvmaewmyjzpfzpf oif,lrawuawmhvkdae&rSy/ uHwmwhtawUuHawuaevnf oif,l&wmvnf&Sdw,ftckcwf qkdifLearning vkdfkdwmykdkdwmif v,fvmyDonfynmawuae tef vkdfynma&;aw&Sdvkdkdifwum aumifawvnfykdkdpkdkdvSmawmh ukdfuwkdvufvkdw,fqkdifavhvm zkdodyfyDtcuftc&Sdef[kwfbl? t"dutcefukdumifaumiftokd cEkdkdwLearningaumifavukdfh twuftcifhvrfaumifawykdvm avvkdfymcifjw,f

jzLocpf

(Business Management & Administration)

ukdfykdfpDm;a&;vkdfvmyjzpfzpf 0efxrfvkdfvmyjzpfzpfuefwkd Continuous Learning vkdfaezkd t&rfta&;tuDw,f'Dtkdkdcif tm;jzifhtvkdftukdftcifhvrf aumifawtjyifukdfuodkm;wwf xm;wmavq;awrm;awmhkdmxlwkd wmyjzpfzpfvpmwkdvmawrSukdf uolrm;xufpm&iftcifha&;om EkdfvmayjhtvkdayjifoifjqufqH a&;rSvnfukdfu Learn vkdfae ovkdukdfwkdoif,laeuwhoaw eYwpfckdiftm;jzifhkdDtodurf awrdvfaumifaqaumifaw&Ekdif wmy/ tckoifwefawvnfrm;vm awmhtv,fwulLearn vkdEkdwh tcifhvrfawrm;vmyjyD

&vifkd

(Own Business Management)

oif,lw,fqkdwmuawmhb0 rSyDqkd,fh&mr[kwfbl/ tcefra&; ae&mra&; oifaerS&r,f bmvkdYqkdawmhvlwkdfu tlrwrf yDynfpkdewmrSdrS[kwfvm/ tajymifjtvawuvnf'Dtcefukd ykdfrSawmufavmufukdpfay:ae wmqkdwmhukdfuoif,lavhvm aezkdt ou&dSeoa&Uudpm; vkdaerSzpf,ftvkdLearning vkdaerSkdfutlrxufrufaeyD ay:vmwhtcifha&;rSvnfukdf uatmifatmifjrifjrifeYtokdEkdf rSzpfyw,f

in partnership with

STRATEGY FIRST INSTITUTE

STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship

* Independent Study

SIGNATURE

M.B.A

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA) program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International University သည်အမေရိကန်အခြေစိုက်ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်အဖွဲ့ကြီး တစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ ကျောင်းသား၊ ကျောင်းသူ ၁ သန်းခန့်တက်ရောက်နေပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

AYA Bank
Your Trusted Partner ရောတီဘဏ်

AYA Bank Education Loan နဲ့ သင်တန်းကြေးပေးသွင်းခြင်း

Stamford MBA (၁၈) လပေးသွင်းရန်	
ကနဦးပေးသွင်းငွေ ၂၀ရာခိုင်နှုန်း	၂,၄၉၀,၀၀၀ ကျပ်
လစဉ်ပေးသွင်းငွေ	၆၁၂,၀၀၀ ကျပ်
ဘဏ်အတိုးအပါကျသင့်ငွေပေါင်း	၁၃,၅၀၆,၀၀၀ ကျပ်

- သင်တန်းကြေးကို (၆) ကြိမ်ထိ အရစ်ကျပေးသွင်းနိုင်ပြီး AYA Bank ၏ Student Loan ကိုလျှောက်ထား ခြင်းဖြင့်လည်း အရစ်ကျပေးသွင်းနိုင်ပါသည်။
- Installment plan လျှောက်ထားရန် နောက်ဆုံးရက် - 30th Nov 2016

ဒေါ်လာငွေး ၁၂၉၀ ဖြင့်တွက်ချက်ပေးထားခြင်းဖြစ်ပါသည်။ ကျောင်းသား /ကျောင်းသူဟောင်းများအတွက် အထူး Discount ကို စုံစမ်းနိုင်ပါသည်။

Application Deadline for Batch (1) 4th Intake
6th December 2016

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon
#239, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

Apply now: (09) 450177770

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

The Shallows (2016)

အခုတစ်ပတ်မှာ သည်းထိပ်ရင်ဖို ကားကောင်းလေးတစ်ကားဖြစ်တဲ့ The Shallows ကို မိတ်ဆက်ပေးချင်ပါတယ်။ The Shallows ဇာတ်ကားက ၂၀၁၆ ဖွန်လပိုင်းမှာ ထွက်ရှိခဲ့တဲ့ SurvivalThriller Filmအမျိုးအစားဇာတ်ကားတစ်ကားဖြစ်ပါတယ်။ ရုပ်ရှင် Rating ပေးတဲ့ imdb မှာ Rating 6.4 အထိ ရရှိထားသလို ဇာတ်ကား Budget၁၇သန်းကုန်ကျခဲ့ရာကနေ Box Office ဝင်ငွေ ၁၁၈ သန်းကျော် ပြန်ရရှိတဲ့အထိ အောင်မြင်ခဲ့တဲ့ ဇာတ်ကားတစ်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ မင်းသမီး Blake Lively က အဓိက ပါဝင်သရုပ်ထားပါတယ်။

ဒီဇာတ်ကားမှာ လူသားတစ်ယောက်နဲ့ ငါးမန်းတစ်ကောင်တို့ကိုသာ အချိန်အများစုမှာ ရိုက်ကူးပြသမှုက ထူးခြားသလို ထိတ်လန့်ဖွယ်ကောင်းအောင်၊ ကြည့်ရှုလို့ ကောင်းအောင် ဒါရိုက်တာက ရိုက်ကူးတင်ဆက်ထားပါတယ်။

ဇာတ်လမ်းအကျဉ်းပြောရမယ်ဆိုရင်ဆေးကျောင်းသူလေး Nancy Adams က မိခင်ကွယ်လွန်ပြီးနောက် မက္ကစီကိုမှာရှိတဲ့ ကမ်းခြေတစ်ခုကို ခရီးထွက်လာခဲ့ပါတယ်။ ဒီကမ်းခြေလေးက သူ့မိခင်က သူ့ကို ကိုယ်ဝန်လွယ်ထားတဲ့အချိန်မှာလာရောက်လည်ပတ်ခဲ့တဲ့ကမ်းခြေလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း မိခင်ကွယ်လွန်ပြီးနောက် ဒီကမ်းခြေကို Nancy Adams တစ်ယောက် ထွက်လာခဲ့တာ ဖြစ်ပါတယ်။

ဒီကမ်းခြေလေးက လူသိနည်းပါးလှတဲ့ကမ်းခြေဖြစ်ပြီး လူသူအရောက်အပေါက်မရှိသလောက်ဖြစ်ပါတယ်။ Nancy ကို ဒေသခံတစ်ယောက်က လမ်းကြုံလို့ကားနဲ့ခေါ်လာရင်း ကမ်းခြေကို ရောက်ရှိလာပါတယ်။ ကမ်းခြေက သဘာဝအတိုင်း သာယာလှပတဲ့ကမ်းခြေလေးကို Nancy ရောက်ရှိလာချိန်မှာ ရေလွှာလျှော်စီးနေသူ နှစ်ယောက်သာ ရှိပါတယ်။ Nancy နဲ့ ကောင်လေးနှစ်ယောက်တို့ ရေလွှာအတူတူစီးကြပြီး Nancy က အရင်ပြန်သွားခဲ့ပါတယ်။ ညနေဘက်ရောက်လာချိန်မှာတော့ Nancy က နောက်ဆုံးလှိုင်းလုံးတစ်လုံး စီးဖို့အတွက် ပင်လယ်ဘက်ကို ထပ်မံထွက်လာခဲ့ပါတယ်။ ဒီအချိန်မှာတော့ ကောင်လေးနှစ်ယောက်ကတော့ ညနေမှောင်လာတော့မှာ ဖြစ်တဲ့အတွက် ပြန်သွားကြပါတယ်။

Nancy တစ်ယောက်တည်း ရေလှိုင်းစီးဖို့ စောင့်ရင်းနဲ့ ကမ်းခြေနဲ့ တဖြည်းဖြည်း ဝေးကွာလာပါတယ်။ အဲဒီအချိန်မှာ Nancy တွေ့ရှိခဲ့တာကတော့ ဝေလငါး အသေကောင်ကြီး တစ်ကောင်ပဲဖြစ်ပါတယ်။ဝေလငါးသေကြီးဟာ ပုပ်ပွပြီးရေပေါ်ပေါလောပေါ်နေတာဖြစ်ပါတယ်။ Nancy လည်း အခြေအနေ သိပ်မကောင်းမှန်း သိပြီးကမ်းခြေဘက်ကိုပြန်လာဖို့လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူပြန်လာချိန်မှာ နောက်ကျသွားခဲ့ပါပြီ။ Great White Shark ငါးမန်းမျိုးဖြစ်တဲ့ ငါးမန်းကြီးတစ်ကောင်က သူမနောက်ကို လိုက်လာခဲ့ပါပြီ။

Nancy နဲ့ ငါးမန်းကြီးတို့ ဘယ်လိုရင်ဆိုင်တွေ့ကြမလဲ၊ လူသူ အရောက်အပေါက်နည်းပါးလွန်းတဲ့ ပင်လယ်ကမ်းခြေမှာ Nancy ဘယ်သူ့ကို အကူအညီတောင်းမလဲ။ Nancy အနားမှာ ဝေလငါး အသေကောင်ကြီးရယ်၊ ဘောရာတစ်ခုရယ်၊ ကျောက်ဆောင် တချို့ရယ်သာ ရှိပါတယ်။ Nancy ဘာလုပ်မလဲ၊ ငါးမန်းကရော ဘယ်လိုဉာဏ်များမလဲဆိုတာကတော့ ရုပ်ရှင်ချစ်ပရိတ်သတ်ကြီးကပဲ ဆက်လက်ခံစားကြည့်ရှုပါလို့ ညွှန်းဆိုလိုက်ရပါတယ်။

FrieslandCampina

(1) Marketing Manager

Key Responsibilities
- To develop, establish and maintain marketing strategies to meet organizational objectives. Effective management of the marketing, advertising and promotional activities of the organization

Competency Requirements
- Business or marketing-related degree
- Minimum 5 years of work experiences in marketing department (FMCG preferred)
- Fluent in English

(2) Distributor Sales Manager

Key Responsibilities
- Handling day to day operation of distributor sales operation, direct selling in key carrier accounts , solving moderately complex issue , variables to identify root cause within job area
- Ensure sales plans, key account strategies are implemented.

Lead the functional teams towards the launch and promotion of the product

Competency Requirements
- Any Degree discipline
- Minimum 4-5 years of experiences in related position/field
- Reporting skills , Proficiency of MS Office and English knowledge will be a bonus
- Must have valid driving license and willing to travel

(3) Nutrition Executive

Key Responsibilities
- Performing as a key line between medical and pharmaceutical companies and healthcare, medical marketing programs
- Monitor and evaluate government policy related to infant formula in the respective business territory
- Advise on nutrition matter to customers, visit market for product consultant and sales improvement

Competency Requirements
- Graduated with M.B.B.S or B.D.S
- Minimum 2 years of work experiences in same field
- Proficiency of MS Office and Good command of English

Interested and qualified candidates are encouraged to send resumes to jobs.fcmyanmar@frieslandcampina.com or MICT park, Building 18, Level 6, Hlaing Township, Yangon, Myanmar. 01-2305374/5 Ext. 122

MD

ဖြိုးတော် မဉ္ဇာ

သံပြား၊ ဟင်းလန်း၊ တော်လို၊ သံဝိုက်၊ စီချန်နယ် နှင့် သံထည်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး

သံပြားဖြတ်ခေါက်ချိုး သံပန်း/သံတံခါး၊ တွန်းလှည်း နှင့် သံဒိန်း/စတီးဒိန်းလုပ်ငန်း

STRATEGY FIRST မှ တကျင်းသား/သူများဝယ်ယူပါက (၅%) လျှော့ပေးပါမည်။

အမှတ်(၂၇၄/ဃ) ဆင်တဲလမ်းနှင့် မလွန်လမ်းထောင့်၊ စက်မှုဇုန်(၃)တောင်ဒဂုံ၊
အမှတ်(၁၃/၂၂၅)၊ ဆင်တဲလမ်း၊ စက်မှုဇုန်(၃)တောင်ဒဂုံ၊

01- 8100643, 09 - 73116190, 09 - 8635010, 09 - 5143487, 09 - 421015416

Comments Welcome

STRATEGY FIRST INSTITUTE rSu smif;om;? au smif;olrsm; tqifajyrrsm; twuf q&mOa,t mif tcsdefpcif (Principal) ok wkHvkHfquf o , fwkHum; Ekd&efzkefyHwESifu email rsm;ukd nfatmufwifazmfjyxm;yg onf

(09) 250 7171 66~68

aungchitkhin@mystrategyfirst.com

ICM | တန်းခွဲသစ်များ ဒီဇင်ဘာလတွင်ဖွင့်မည်

Institute of Commercial Management (ICM), UK မှ ဘာသာရပ်အလိုက် ချီးမြှင့်မည့် Single Subject Diploma များနှင့် Chartered Institute of Marketing (CIM) မှပေးအပ်မည့် Diploma in Professional Marketing (၆) လသင်တန်းများကို ဒီဇင်ဘာလ (၆) တွင် စတင်ဖွင့်လှစ်ပါတော့မည်။

Institute of Commercial Management (ICM), UK မှ စစ်ဆေးသော (၃) နာရီ ရေးဖြေမေးခွန်းများကိုဖြေဆိုအောင်မြင်ပါက သက်ဆိုင်ရာ ဘာသာရပ်အလိုက် Single Subject Diploma များ ရရှိပါမည်။

ICM Single Subject Diplomas (Batch-12) ဖွင့်လှစ်မည့် သင်တန်းများ

1. Marketing Management | 2. Sales & Sales Management | 3. Business Management & Administration | 4. Business Management & Administration | 5. Business Management & Administration | 6. Management of Travel and Tourism Operations | 7. Financial Management | 8. Human Resources Management | 9. Human Resources Management | 10. Logistics & Supply Chain Management | 11. Hospitaliy Management | 12. Business Law | 13. Human Resource Development | 14. Project Management

Level 4 Diploma in Business (Full Time) နှင့် Level 5 Diploma in Business (Part Time) တန်းခွဲသစ်ဖွင့်မည်

တက္ကသိုလ်ဝင်တန်းအောင်များအတွက် NCC Level 4 Diploma in Business (Full Time) နှင့် NCC Level 5 Diploma in Business (Part Time) ကို ဒီဇင်ဘာလ (၅) ရက်နေ့တွင်စမည်။ Level 4 Diploma အောင်မြင်တဲ့အခါ ယူကေတက္ကသိုလ်များရဲ့ ဒုတိယနှစ်မှ စတင်တက်ရောက်နိုင်မှာဖြစ်ပြီး မြန်မာနိုင်ငံမှာတင် ဆက်လက် လေ့လာလိုပါက **Strategy First Institute** တွင် ဒုတိယနှစ် နဲ့ ညီမျှတဲ့ Level 5 ကို ဆက်လက်သင်ယူနိုင်ပါတယ်။

Level 5 ပြီးပါက နောက်ဆုံးနှစ်တစ်နှစ်တည်းကိုသာ UK နဲ့ Australia နိုင်ငံတွေမှာ ရှိတဲ့ တက္ကသိုလ်တွေမှာတက်ရောက်ပြီးနိုင်ငံတကာအသိအမှတ်ပြုစီးပွားရေးဘွဲ့ကိုရယူနိုင်ပါပြီ။ မြန်မာနိုင်ငံမှာတင် နောက်ဆုံးနှစ်အထိတက်ရောက်ပြီး ယူကေ စီးပွားရေးဘွဲ့ ရယူချင်သူများအတွက် အခွင့်အလမ်းလည်း ရှိပါတယ်။

ဝင်ခွင့်သတ်မှတ်ချက်တွေအနေနဲ့ -

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ အင်္ဂလိပ်စာ အမှတ် (၆၀) မပြည့်ပါက IELTS band (5.5) ကို ရရှိအောင် ဖြေဆိုရပါမယ်။

ဂုဏ်ထူးရဘာသာရပ်အရေအတွက်အလိုက် Scholarship သတ်မှတ်ပြီး သင်တန်းကြေးများ လျှော့ပေးသွားပါမည်။

အင်္ဂလိပ်စာ အမှတ် ၆၀ အထက် - 10% Scholarship

ဂုဏ်ထူး ၁ ဘာသာ - 10% Scholarship (အင်္ဂလိပ်စာ ၆၀ + ၂၀%)

ဂုဏ်ထူး ၂ ဘာသာ - 20% Scholarship (အင်္ဂလိပ်စာ ၆၀ + ၃၀%)

ဂုဏ်ထူး ၃ ဘာသာ - 30% Scholarship (အင်္ဂလိပ်စာ ၆၀ + ၄၀%)

ဂုဏ်ထူး ၄ ဘာသာ - 40% Scholarship (အင်္ဂလိပ်စာ ၆၀ + ၅၀%)

ဂုဏ်ထူး ၅ ဘာသာ - 50% Scholarship (အင်္ဂလိပ်စာ ၆၀ + ၆၀%)

ဂုဏ်ထူး ၆ ဘာသာ - 75% Scholarship





MBA 10,000USD Scholarship Lucky Draw

Strategy First Institute ကျောင်းသား/သူများ MBA တက်ရောက်ရန်အတွက် ဒေါ်လာတစ်သောင်းကို တစ်နှစ် (၂) ကြိမ် ကံစမ်းမဲ Scholarship ချီးမြှင့်မည်။

Strategy First Instituteမှာသင်တန်းများတက်ရောက်ခဲ့ဖူးသော ကျောင်းသား/သူများအတွက် MBA Scholarship ဆုများကိုကံစမ်းမဲ Scholarship ကို မဲဖောက်ပေးသွားမှာဖြစ်ပြီး တစ်နှစ်လျှင် (၂) ကြိမ် ပေးအပ်သွားမည်ဖြစ်သည်။ ယခုအကြိမ်ကို ပထမဦးဆုံး စမ်းသပ်ပြုလုပ်သွားမှာဖြစ်ပြီး ကျောင်းသားများ၏ စိတ်ဝင်စားမှုနှင့် ကံစမ်းမဲ၏ ထိရောက်မှုအပေါ်မူတည်ပြီး နောက်အကြိမ်များတွင်လည်း သင်တန်းကြေးကံစမ်းမဲများကို ထပ်မံစီစဉ်ပေးသွားမည်ဖြစ်သည်။

လျှောက်ထားလိုသော ကျောင်းသား၊ ကျောင်းသူများအနေနဲ့ **Strategy First Institute** မှ ဖွင့်လှစ်ထားသော ၅၅ နာရီကြာသင်တန်း (၂) ခု ကို တက်ရောက်သင်ကြားဖူးသူဖြစ်ပြီး ကျောင်းမှ ပေးအပ်ချီးမြှင့်ထားသော Certificate ရရှိထားသူ ဖြစ်ရပါမည်။

ကံစမ်းမဲ Scholarship တွင် ဝင်ရောက်ကံစမ်းလိုသော ကျောင်းသား၊ ကျောင်းသူများသည် MBA Tuition Fees Lucky Draw Form ကိုဖြည့်စွက်ထားရမှာဖြစ်ပါတယ်။ Form ကို http://svy.mk/2fKA33G သို့သွားရောက်ဖြည့်စွက်နိုင်မှာဖြစ်ပါတယ်။ ဖြည့်စွက်ထား သော Form များ မှန်ကန်မှု ရှိ/မရှိကို စစ်ဆေးသွားမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူ အနေနဲ့ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရထားပြီး IELTS 6.0 အနည်းဆုံး ရရှိထားရမည်ဖြစ်ပါသည်။ IELTS အမှတ်မရှိသေးသူများအနေဖြင့် **Strategy First** တွင် အင်္ဂလိပ်စာမေးပွဲကို အခမဲ့ စစ်ပေးသွားမည်ဖြစ်သည်။

အင်္ဂလိပ်စာစာမေးပွဲကို နိဝင်ဘာလ (၂၇) ရက်နေ့ နေ့လည် (၃) နာရီမှ (၅) နာရီတွင် လာရောက်ဖြေဆိုနိုင်မည်ဖြစ်သည်။ Form ဖြည့်ထားပြီး သတ်မှတ်ချက်ဖြည့်မီသူများကို အင်္ဂလိပ်စာစာမေးပွဲဖြေဆိုနိုင်ရန်အတွက် Email များပြန်လည် ပေးပို့သွားမည်ဖြစ်သည်။

ကံစမ်းမဲတွင် MBA သင်တန်းအတွက် ဒေါ်လာ ၁၀,၀၀၀ ကို တစ်နှစ်လျှင် (၂) ကြိမ် (၆လတစ်ခါ) ကံစမ်းပေးသွားမည်ဖြစ်သည်။ ဒေါ်လာ၅၀၀၀၊ဒေါ်လာ၃၀၀၀နှင့်ဒေါ်လာ၁၀၀၀ တန်ဆု (၅) ဆုကိုလည်းကျောင်းသား၊ကျောင်းသူများ လျှောက်ထားမှု အရေအတွက်အပေါ်မူတည်ပြီး ကံစမ်းပေးသွားမည်ဖြစ်ပါသည်။

ဒေါ်လာ ၁၀,၀၀၀ ကံထူးသူသည် စပေါ်ငွေအဖြစ် သိန်း (၃၀) ကို ကျောင်းတွင် ပေးသွင်းထားရန်လိုအပ်ပြီး MBA သင်တန်း ပြီးဆုံးသွားသောအခါတွင် ပြန်လည်ပေးအပ်သွားမည် ဖြစ်သည်။စပေါ်ငွေကိုတစ်လလျှင် (၅) သိန်းဖြင့် (၆) လ ပေးသွင်းရမှာဖြစ်သည်။

Scholarship များမှာ **Strategy First Institute** ရှိ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနဲ့ ဝန်ထမ်း အဖွဲ့သားများရဲ့ပညာဒါနအလှူဖြစ်ပါသည်။

Strategy First Students and Alumni - MBA Tuition Fees ကံစမ်းမဲ Scholarship နှင့်ပတ်သက်ပြီး အသေးစိတ် အချက်အလက်များကို ဖုန်း 09-250717166~68 (သို့) info@mystrategyfirst.com သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Richard Branson အောင်မြင်ခြင်းရဲ့ သော့ချက်က ရည်ရွယ်ချက်ပဲ

သီဟ

Virgin လုပ်ငန်းစုကြီးရဲ့ နာမည်ကျော် ဘီလီယံနာ သူဌေးကြီး Richard Brandson ရဲ့ အဆိုအရဆိုရင် အောင်မြင်မှုရဲ့အဓိက သော့ချက်ကကြိုးစားချင်စိတ်၊လုပ်ကိုင်နိုင်စွမ်းစတာတွေမဟုတ်ပါဘူး။ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ဘာလုပ်မယ်လို့ရည်ရွယ်ချက်သတ်သတ်မှတ်မှတ်မရှိတဲ့နေ့ဟာ အကျိုးမရှိတဲ့နေ့ပဲလို့ Virgin သူဌေးကြီးက မကြာခင်က blog တစ်ခုမှာရေးသားဖူးပါတယ်။ ရည်ရွယ်ချက်မရှိရင် တီထွင်နိုင်စွမ်းလည်း မရှိဘူး၊ တီထွင်နိုင်စွမ်းမရှိရင် အလုပ်ပြီးစီးမှုလည်းရှိမှ မဟုတ်ဘူး၊ အဲဒီအတွက် အောင်မြင်မှုလည်း ရှိမှာမဟုတ်ဘူးလို့ သူကဆိုထားပါတယ်။

သင်ဟာလုပ်ငန်းတစ်ခုတည်ထောင်တာပဲဖြစ်ဖြစ်၊ နံနက်ပိုင်းလမ်းထလျှောက်တာပဲဖြစ်ဖြစ် လုပ်ဆောင်စရာ အရာရာအတွက် ရည်ရွယ်ချက်ဟာ တွန်းအားတစ်ခုပါပဲ။ ဒီစကားကို ဘီလီယံနာသူဌေးကြီးပြောတာဆိုတော့ယုံသင့်ပါတယ်။ အောင်မြင်မှုအကြောင်းကို သူတို့ဟာ အကောင်းဆုံး နားလည်ထားလို့ပဲဖြစ်ပါတယ်။

အောင်မြင်မှုလမ်းကြောင်းပေါ်မှာ ကြိုးစားနေဆဲ လူငယ်စွန့်ဦးတီထွင်သူတွေအနေနဲ့ နေ့တစ်နေ့ရဲ့၂၄နာရီကိုအကျိုးဖြစ်ထွန်းအောင် ကောင်းစွာအသုံးချတတ်ဖို့ အရေးပါ.ပါတယ်။ Richard Brandson က အောင်မြင်မှုနဲ့ ပတ်သတ်ပြီးအတော့ အကြံဉာဏ်တချို့လည်း ပေးထားပါတယ်။

၁။နေ့ရက်တိုင်းက လန်းဆန်းစွာစတင်ပါ။

မနေ့က ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေ နဲ့ ယှဉ်ပြိုင်မှုတွေကို ဒီနေ့ကိုယူဆောင်လာမယ်

ဆိုရင် အနာဂတ်မှာရှိနေတဲ့ အောင်မြင်မှုကို လက်လှမ်းနိုင်ဖို့ ခက်ခဲနေပါလိမ့်မယ်လို့ သူကဆိုပါတယ်။ Richard Brandson အတွက်တော့ နေ့ရက်တိုင်းကို လန်းဆန်းပြီး ပျော်ရွှင်စွာ စတင်လေ့ရှိပါတယ်၊ သူရဲ့စတင်ပုံကတော့ အပြင်ထွက်ပြီး လမ်းလျှောက်တာပါ။ နံနက်တိုင်း လန်းဆန်းနေဖို့က တစ်ယောက်နဲ့ တစ်ယောက် လုပ်ဆောင်ကြတဲ့ နည်းလမ်းတွေ မတူပါဘူး၊ တရားထိုင်တာ၊စာဖတ်တာအပြင် နေ့တစ်နေ့ကို ကောင်းမွန်စွာ စတင်နိုင်ဖို့သင့်ကို ပြင်ဆင်ပေးနိုင်မယ့် Activity များစွာရှိပါတယ်။

၂။နေ့တစ်နေ့အတွက် ရည်မှန်းချက် ရည်ရွယ်ချက်တွေကိုချရေးပါ။

ကိုယ့်ရဲ့လုပ်ဆောင်ရမယ့်ကိစ္စတွေအတွက် အကြံဉာဏ်တွေ၊ အတွေးတွေနဲ့ ရည်ရွယ်ချက်တွေကို ချရေးတာက အကျိုးအများကြီး ရှိပါတယ်။ရေးထားတာတွေကို ပြန်ကြည့်ခြင်းအားဖြင့် ရည်ရွယ်ချက်တွေကိုလှုပ်ရှားမှုအဖြစ်ပြောင်းလဲစေပြီးလုပ်ငန်းဆောင်တာတွေကိုအောင်မြင်အောင်လုပ်ကိုင်နိုင်စေပါတယ်။

၃။အချိန်ကို အကျိုးရှိစွာအသုံးချပါ။

အလုပ်များတဲ့ စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေအတွက် အချိန်ကရွှေပါပဲ။ Richard Branson ဟာ သူရဲ့အချိန်တွေ အကုန်လုံးကို အလဟသ မဖြစ်စေပါဘူး။ သွားရင်းလာရင်း ကားပိတ်ရင်တောင် ရတဲ့အချိန်တွေကို အကျိုးရှိအောင် တစ်ခုခုလုပ်တတ်တယ်လို့ သူကပြောပါတယ်။

၄။ကြိုစဉ်းစားပါ။

အနာဂတ်မှာ ဖြစ်ပျက်မယ့်အရာအတွက် ရည်မှန်းချက်က အဓိက အရေးပါတယ်လို့ Branson ကပြောပါတယ်။ အတိတ်မှာဖြစ်ပျက်ခဲ့တဲ့အရာတွေဟာ ပြောင်းလဲလို့မရတဲ့အတွက်ကျွန်တော်တို့အနေနဲ့အနာဂတ်အတွက်ကိုပဲ အကောင်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ထားဖို့လိုတယ်လို့ Branson က အကြံပေးပါတယ်။ အမြဲတွေးနေပါ၊ အကြံဉာဏ်တွေ၊ အဆက်အသွယ်တွေနဲ့ အနာဂတ်မှာ ဘာလုပ်မလဲဆိုတာကို အမြဲစဉ်းစားနေပါ။

၅။ပျော်ရွှင်အောင်နေပါ။

ဘဝမှာ ပျော်ရွှင်ဖို့ အရေးအပါဆုံးပါ။ ပျော်ရွှင်မှုမရှိဘူးဆိုရင် လုပ်နေတဲ့အရာအားလုံးဟာ အဓိပ္ပာယ်မဲ့နေမှာပါ။ပျော်ရွှင်နေတဲ့အချိန်ကျရင် အချိန်ကုန်မြန်တယ်ဆိုတဲ့ဆိုရိုးစကားရှိပါတယ်။ အဲဒါကြောင့် လက်လွတ်စပယ်တော့ မပျော်သင့်ပါဘူး လို့ Richard Brandson အောင်မြင်မှုနဲ့ ပတ်သက်လို့ အကြံပြုထာပါတယ်။

ကယားသို့ အလည်တစ်ခေါက်

o[Pu{kd{k

တစ်ချိန်က သွားလာရေးခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့တဲ့ ကယားပြည်နယ်ဟာ ယနေ့အချိန်မှာတော့ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာလျက်ရှိသလိုပြည်နယ်မြို့တော်လွိုင်ကော်က ခေတ်မီတိုးတက်သောမြို့အင်္ဂါရုပ်များကို ပိုင်ဆိုင်လာပြီဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှကယားပြည်နယ်သို့အကူးမှာ ကယားပြည်နယ် လမ်းမများက ရှမ်းပြည်နယ်က လမ်းမတချို့ထက် ပိုမိုကောင်းမွန်လျက်ရှိတာကို တွေ့ရပါတယ်။ ဒါကလည်း ကယားပြည်နယ်လမ်းများက ဆောက်လုပ်ပြီးစီးတာမကြာသေးတဲ့လမ်းအသစ်များဖြစ်နေတဲ့အချက်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ လွိုင်ကော်မြို့နယ်အနီးတစ်ဝိုက် လမ်းပိုင်းများက ကောင်းမွန်လျက်ရှိသလို လမ်းအသစ်ချဲ့ထွင်မှုများ၊ တည်ဆောက်ဆဲလမ်းများကိုလည်း တွေ့ရပါတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် မကြာခင်မှာ လွိုင်ကော်ဒေသ ဝန်းကျင်ဟာ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမှာ သေချာနေပါတယ်။

ကယားပြည်နယ်သို့ခြေဆန့်မယ့်ခရီးသွားတွေအတွက်က မြေပြန့်ဒေသမှာ ကားလမ်းမကြီးများဘေးက တစ်လျှောက် စပါးစိုက်ခင်းများတစ်မျှော်တစ်ခေါ်ကြည့်ရှုရသလို ကယားပြည်နယ်ဘက်မှာတော့ ပြောင်းစိုက်ခင်းများကိုသာတစ်မျှော်တစ်ခေါ်ကြည့်ရှုရတဲ့ခရီးသွားအရသာကလည်း တစ်မျိုးတစ်ဖုံ ဆန်းသစ်နေမှာ ဖြစ်ပါတယ်။

ယခုနှစ်ပိုင်းများအတွင်းကယားပြည်နယ်၊ လွိုင်ကော်ခရီးစဉ်များကို (၃) ညအိပ် (၄) ရက်၊ (၄) ညအိပ် (၅) ရက် စသဖြင့် ကြော်ငြာသောခရီးစဉ်များကို တွေ့ရပါတယ်။ ပြည်တွင်းခရီးစဉ်ကြေငြာများမှာ လွိုင်ကော်ခရီးစဉ်ကလည်း မပါမဖြစ်ဆိုသလိုပါဝင်လာခဲ့ပါတယ်။ပြည်တွင်းရော၊ ပြည်ပခရီးသွားများပါ များစွာသွားရောက်ကြသေးတာမျိုးမဟုတ်သေးပေမယ့်လည်းရေခဲမြေခံသဘာဝရှုခင်းများ၊ လည်ပတ်သွားလာစရာနေရာများ၊ များပြားလှတာကြောင့်ခရီးသွားများပြားတဲ့ခရီးစဉ်ဒေသတစ်ခုဖြစ်လာဖို့အလားအလာကောင်းတွေကို ပိုင်ဆိုင်နေပါတယ်။ အစိုးရနဲ့ NGO အဖွဲ့တွေကလည်း ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းခရီးသွားများလာရောက်လည်ပတ်မှုတိုးတက်စေဖို့အတွက် အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိနေကြပါတယ်။

Tour Car နဲ့ သွားရောက်သူများအတွက် လွိုင်ကော်မြို့အဝင် လမ်းမများက အခက်အခဲမဟုတ်ပေမယ့် သူငယ်ချင်းတွေ၊ မိသားစုတွေနဲ့စုသွားကြသူများအတွက် လမ်းမကြီးများ၊ များပြားတဲ့အတွက် တည်းခိုနေထိုင်စရာ ရှာဖွေရာမှာ အခက်အခဲ အနည်းငယ်တွေ့ရပါတယ်။ လွိုင်ကော်မြို့မှာ ဟိုတယ် ဒါမဟုတ် Guest House များက ခရီးသွားများအတွက် အလုံအလောက်ရှိအောင် များပြားလှတာကိုလည်း တွေ့ရပါတယ်။ ဈေးနှုန်းကြီးမြင့်တဲ့ ဟိုတယ်များလည်းရှိပြီး တချို့ဟိုတယ်၊ မိုတယ်များကသပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းနဲ့ တည်းခိုနေထိုင်လို့ ကောင်းမွန်ပြီး ဈေးနှုန်းချိုသာတာမျိုးတွေလည်း ရှိပါတယ်။ အကြမ်းအား ဖြင့် (၂) ယောက်အိပ် အခန်းများကို ကျပ် ၂၅၀၀၀-၃၀၀၀၀၊ မိသားစုအလိုက် နေထိုင်ဖို့ သင့်လျော်တဲ့ ဘန်ဂလို အခန်းများဆိုရင် ကျပ် ၄၀၀၀၀ ဝန်းကျင်ဈေးနှုန်းနဲ့ တည်းခိုနေထိုင်လို့ ပြီးပြည့်စုံတဲ့ Guest House များ ရှိပါတယ်။ ခရီးသွားများအနေနဲ့တော့ မိမိတို့နှစ်သက်ရာ ဟိုတယ်၊ မိုတယ်အမျိုးအစားတွေမှာ တည်းခို နေထိုင်လို့ရပါတယ်။

အစားအသောက်အတွက်ဆိုရင်တော့ လွိုင်ကော်မြို့ထဲမှာ မဖြစ်မနေ သွားရောက်စားသောက်သင့်တဲ့နေရာလေးကတော့ နာရီစင်ခေါက်ဆွဲဆိုရင် လူတိုင်းသိတဲ့ စားသောက်ဆိုင်လေးဖြစ်ပါတယ်။ ရှမ်းခေါက်ဆွဲ၊ မြီးရှည် စတဲ့ရှမ်းအစားအစာ မျိုးစုံကို ဈေးနှုန်းအသင့်အတင့်နဲ့ရောင်းချပြီးအရသာကတော့ထိပ်တန်းလက်ရာမျိုးကို မြည်းစမ်းရမှာ ဖြစ်ပါတယ်။ မြို့ထဲလမ်းများထဲမှာ မြန်မာ့ထမင်းဟင်း၊ တရုတ်အစားအစာ၊အသားကင်ဆိုင်ကောင်းကောင်းလေးများလည်း ရှိပါတယ်။ ကယားဒေသထွက် နာမည်ကျော် ကယားဝက်အူချောင်းရောင်းချတဲ့ ဆိုင်တွေလည်းရှိပြီး လက်ဆောင်ပေးဖို့ပဲဖြစ်ဖြစ်၊ စားသောက်ဖို့ပဲဖြစ်ဖြစ် ဝယ်ယူနိုင်ပါတယ်။

လွိုင်ကော်မြို့ဝန်းကျင် သွားရောက်လည်ပတ်စရာနေရာတွေက ငါးခုထက်မနည်း ရှိပါတယ်။ လွိုင်ကော်မြို့ရဲ့အထင်ကရ တောင်ကွဲစေတီသို့သွားရောက်ဖူးမြော်နိုင်ပါတယ်။ စေတီပေါ်မှာ လွိုင်ကော်မြို့ရှုခင်းကို တဝကြီး မြင်ရမှာဖြစ်ပါတယ်။

လွိုင်ကော်ရောက်တယ်ဆိုရင် ခရီးသွားတွေက ကြွတ်ဂူသို့ သွားရောက်လည်ပတ်ဖို့အားသန်ကြပါတယ်။ နာမည်ကြားတာနဲ့ တင်စိတ်ဝင်စားဖို့ကောင်းနေတဲ့ကြွတ်ဂူကလွိုင်ကော်ရဲ့အရှေ့ဘက် ၁၀ မိုင် အကွာအဝေးမှာ တည်ရှိပါတယ်။ တစ်နာရီဝန်းကျင်ခန့် ကားမောင်းသွားရင် ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ ကယားဘာသာစကားအရကြွတ်ဂူကို ရာစုကုလို့ ခေါ်ပါတယ်။ ရှေးအခါက လူမျိုးစုများက ကွယ်လွန်ပြီးသူကို သစ်လုံးထွင်းအခေါင်းများထဲ ထည့်သွင်းကာ ဂူအတွင်းသို့ ထည့်သွင်းထားတာဖြစ်ပါတယ်။ ယနေ့အခါမှာ အရိုးစုများ မတွေ့ရနိုင်တော့ဘဲ သစ်လုံးထွင်းအခေါင်းတချို့ကိုသာ တွေ့ရတော့တယ်လို့ ဆိုပါတယ်။ ဂူအဝင်မှာတော့ ကျိုးပဲ့ပျက်စီးနေပြီးဖြစ်တဲ့ အခေါင်းအပိုင်းအစတချို့ကို တွေ့ရပါတယ်။ အကောင်းပကတိအတိုင်းရှိနေတဲ့ သစ်လုံးထွင်းခေါင်းတလားတချို့ကို မြင်နိုင်တဲ့အထိ ဆိုလာမီးများကို ထွန်းညှိပေးထားပါတယ်။ ဂူအတွင်းပိုင်းသို့ ဝင်ရာမှာ အောက်ဂျင်စီပြတ်မယ့် အခြေအနေရှိတဲ့အတွက်ဂူအဆုံးအထိမည်သူမျှသွားရောက်ဖူးခြင်းမရှိဘူးလို့ သိရပြီး ဂူအရှည် မည်မျှရှိတယ်ဆိုတာကို မည်သူမျှမသိနိုင်ပါဘူး။

ကယားပြည်နယ်ရဲ့အထင်ကရ နာမည်

pmrsufESG 11 oHk;

What it takes to be a great leader

Strategy First Times ရဲ့ Ted Talk ကဏ္ဍ Ted.com က ကမ္ဘာကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာ လေ့လာစရာတွေကိုအပတ်စဉ် ဖော်ပြသွားမှာ ဖြစ်ပါတယ်။ ဖော်ပြထားတာက Video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Playstore၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Roselinde Torres ရဲ့ What it takes to be a great leader ဆိုတဲ့ Video လေးကို ဖော်ပြမှာဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ရွေးချယ်စရာ Leadership Program တွေအရမ်းများပြားပါတယ်။ ဒါပေမဲ့ တကယ်ကောင်းမွန်တဲ့ သင်ကြားပို့ချမှုက သင့်မျက်စေ့အောက်မှာပဲ ရှိနေနိုင်ပါတယ်။ဖော်ပြထားတဲ့ဗီဒီယိုထဲမှာ Roselinde Torres ဟာ ထူးချွန်ထက်မြက်တဲ့ ခေါင်းဆောင်တွေကို ၂၅ နှစ်လောက် လေ့လာစောင့်ကြည့်မှုတွေလုပ်ကာ တွေ့ရှိမှုတွေကို ရှင်းပြထားပါတယ်။ သူက ကုမ္ပဏီတွေကို ဦးဆောင်မယ့်သူတွေအနေနဲ့ အနာဂတ်မှာ ကုမ္ပဏီရှင်သန်အောင်မြင်မှုအတွက်အရေးပါတဲ့ မေးခွန်း(၃)ခု အကြောင်းကို ဖော်ပြထားပါတယ်။

"Leadership program တွေဟာ ဘယ်လောက်အကျိုးရှိသလဲ ဆိုတာ ကျွန်မတို့ ကုမ္ပဏီပေါင်း (၄) ထောင် ကျော်ကို ဆက်သွယ်ပြီး လေ့လာမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ကုမ္ပဏီတွေရဲ့၅၈ ရာခိုင်နှုန်းက တိုးတက်ရေးသင်တန်းတွေ ပေးနေပေမယ့် ခေါင်းဆောင်နိုင်မှုပိုင်းကတော့ တိုးတက်မှုမရှိလာဘူးလို့ ဆိုပါတယ်။ သင့်အလုပ်ဟာသင့်ကို ခေါင်းဆောင်

ဝတ္ထု

ကောင်းတစ်ယောက် ဖြစ်လာဖို့ အတွက် ပျိုးထောင်ပေးနေတယ်လို့ ထင်ချင် ထင်မယ်၊ ဒါပေမဲ့ မဟုတ်ဖို့ များပါတယ်" လို့ သူကဆိုပါတယ်။ ဒီဗီဒီယိုမှာတော့ Roselinde က ခေါင်းဆောင်ကောင်း တစ်ယောက် ဖြစ်ဖို့အတွက် ပရိုဂရမ်တွေမှာ သင်ကြားဖို့ လိုအပ်နေတဲ့ အရာတွေ၊ တကယ်အကျိုးရှိမယ့် အရာတွေကို သင်ပြထားပါတယ်။

Roselinde Torres ရဲ့ Leadership အကြောင်း ဟောပြောချက်ဟာ အချိန်အားဖြင့် (၉) မိနစ်ပဲ ရှိပေမယ့် ကြည့်ရှုသူတွေအတွက်တကယ်အသိဉာဏ်ပွင့်လန်းစေမှာဖြစ်ပါတယ်။

Roselinde Torres ဟာ BCG Consulting Firm ရဲ့ Senior Partner နဲ့ Managing Director ဖြစ်ပါတယ်။ သူဟာ ကုမ္ပဏီရဲ့ Leadership ပိုင်းကို ဦးဆောင်လုပ်ကိုင်နေတဲ့သူတစ်ယောက်လည်းဖြစ်ပါတယ်။



ကျော်ထီးပွင့်ကန်က လွှဲငြင်းမှုဒီမော်ဆို ဘက်သို့သွားတဲ့ လမ်းကြောင်းပေါ်မှာ တည်ရှိပါတယ်။

ထီးပွင့်ကန်သို့ရောက်ရှိရင် ကန်တော်သမိုင်းကြောင်းကို ဖော်ပြထားတဲ့ လက်ကမ်းစာရွက်ကို ခရီးသွားတို့ ရရှိပါမယ်။ ကန်ရေပြင်ထက်မှာ ထီးပွင့်ပုံသဏ္ဍာန်ပေါ်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ထီးပွင့်ကန် သွားရောက်လမ်းကြောင်းအတိုင်း ဆက်သွားမယ်ဆိုရင် သာယာလှပတဲ့ ကန် (၇) ဆင့်ကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ကန် (၇) ဆင့်ကိုမရောက်မီမှာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း (CBT) ဒေသစာရင်းထဲမှာပါတဲ့ တနီလာလဲရွာကိုရောက်ပါမယ်။ခရီးသွားလုပ်ငန်းအတွက်ထူးထူးခြားခြားစီစဉ်ဆောင်ရွက်တာမျိုးကိုတော့ မတွေ့ရပါဘူး။ ကန် (၇) ဆင့်ရောက် ရှိရင်တော့ သဘာဝတောတောင်၊ ရေမြေရှုခင်းတွေကို ခံစားရမှာဖြစ်ပြီး ကိုယ်ရော၊ စိတ်ပါ အပန်းဖြေလန်းဆန်းစေမယ့် နေရာလေး ဖြစ်ပါတယ်။ ခရီးသွားများ နားနေရာကနေ ကြည့်မယ်ဆိုရင် ရေကန်များ တစ်ကန်နဲ့ တစ်ကန် ဆက်စပ်ပြီး ကျယ်ပြောလှတဲ့ ရေကန်ကျယ်ကြီးကို တွေ့ရမှာပါ။ နားနေရာစခန်းကနေ မမြင်ရနိုင်တဲ့ တစ်ဖက်ခြမ်းဖြစ်တဲ့ တောတောင်များရဲ့နောက်မှာ နောက်ထပ် ရေကန်များလည်း ရှိနေနိုင်ပါသေးတယ်။

ကလေး ဘဝကတည်းက ကယားပြည်နယ်၊ ကယားလူမျိုးတွေနဲ့ တွဲမှတ်မိတဲ့ ကယန်းလူမျိုးများဆီသို့ သွားရောက်လည်ပတ်ဖို့အတွက် ကန်ပက်ကျေးရွာသို့သွားရောက်ရမှာ ဖြစ်ပါတယ်။ ကန်ပက်ကျေးရွာက ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း (CBT) ဒေသစာရင်းထဲမှာ ပါဝင်ပြီး ကန်ပက်ရွာသို့မရောက်မီ နေရာမှာ ရိုးရာပစ္စည်းအရောင်းဆိုင်များကို စီကာတန်းကာ ဆောင်ရွက်ထားတဲ့ နေရာကို တွေ့ရပါတယ်။ ကယန်းအမျိုးသမီးအများအပြားကို တွေ့ရပြီး လက်မှုချည်ထည်များ၊ အမှတ်တရပစ္စည်းများနဲ့ ရိုးရာဈေးဆိုင်လေးများကို ချစ်စဖွယ် တွေ့မြင်ရပါတယ်။ ငယ်ငယ်က ကော်ဖီမစ်ကြေငြာထဲမှာ ကောင်းတယ်ကို "ခမ်းတယ်" ဆိုတဲ့ တိုင်းရင်းလေသံဝဲဝဲနဲ့ပြောတဲ့ကယန်းအဘွားကိုလည်း ချည်ထည်ရက်လုပ်နေတာကို တွေ့ရပါတယ်။

သဘာဝရှုခင်းတွေကို ခံစားလို့အားမရသေးတဲ့သူတွေအတွက်လွှဲငြင်းကော် - တောင်ကြီး သွားလမ်းပေါ် ကယား - ရှမ်းပြည်နယ် နယ်စပ်မှာ တည်ရှိတဲ့ ထီးစဲခါးရေတံခွန်သို့ သွားရောက်လည်ပတ်နိုင်ပါတယ်။ကယားပြည်နယ်ကို ခရာတာနူတ်ဆက်ပြီး ရှမ်းပြည်နယ်ထဲသို့ ဝင်လိုက်ပြီဆိုရင်ဖြင့် သိပ်မကြာခင်မှာပဲ ထီစဲခါးရေတံခွန်သွားတဲ့ လမ်းထဲသို့ ချိုးကွေ့လိုက်ရပါတယ်။ လမ်းကတော့ မြေနီလမ်းကြမ်းဖြစ်ပြီးတောင်ကုန်းပေါ်သို့ တက်ရောက်ရမှာ ဖြစ်ပါတယ်။ ထီစဲခါးရေတံခွန် တချို့နေရာမှာ ရေမကူးဖို့ တားမြစ်ချက်ဆိုင်းဘုတ်ကို တွေ့ရပါတယ်။ အမှန်တကယ်လည်း ရေတံခွန်က ရှည်လျားကျယ်ပြန့် လှသလို ရေစီးအားလည်း ကြမ်းပါတယ်။ ရေအနက်လည်း တိမ်တိမ်မဲမဲလေး မဟုတ်တာတော့ သေချာပါတယ်။ ဘောယာများ ငှားပေးတဲ့ နေရာတွေလည်း ရှိပါတယ်။ မြို့ပြက အမောတွေ၊ ခရီးစဉ်တစ်လျှောက် ပင်ပန်းလာသမျှတွေကို အတိုးချပြီး ထီစဲခါးရေတံခွန်မှာ ရေကစားရင်း အပန်းဖြေနိုင်ပါတယ်။ သဘာဝတောတောင်ရှုခင်းများ၊ တန်ခိုးကြီးဘုရားစေတီပုထိုးများ၊ တိုင်းရင်းသားတို့ရဲ့ရိုးရာနေထိုင်မှုများ၊ အစားအသောက်များ၊ ရေကန်ရေတံခွန်များ ပေါကြွယ်တဲ့ ကယားပြည်နယ်သို့ ခရီးသွားချစ်သူများ အလည်တစ်ခေါက် သွားရောက်လည်ပတ်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

Education Loan ဝန်ဆောင်မှုနဲ့ ပတ်သက်ပြီးတော့ AYA Bank မှ Retail Banking Director ဦးသူရမောင်နဲ့ တွေ့ဆုံခြင်း

STRATEGY FIRST INSTITUTE အနေနဲ့ ပညာကိုလိုလားတဲ့ ကျောင်းသား/ကျောင်းသူတွေအတွက် MBA အပါအဝင် နိုင်ငံတကာ အဆင့်မီသင်တန်းတွေကို လွယ်လွယ်ကူကူနဲ့ ပို့ပြီးလေ့လာနိုင်အောင် AYA Bank နဲ့ပူးပေါင်းပြီး ပညာရေးချေးငွေဝန်ဆောင်မှုအစီအစဉ် သစ်ကို ထပ်မံဖြည့်ဆည်းပေးထားပါတယ်။ အဆိုပါပညာရေးချေးငွေဝန်ဆောင်မှုနဲ့ပတ် သက်ပြီး ဆောင်ရွက်ထားမှုတွေနဲ့ ထိုဝန်ဆောင်မှုကို ဘယ်လိုရယူနိုင်သလဲဆိုတာ အသေးစိတ်သိနိုင်ဖို့ ဘဏ်မှ Retail Banking Director ဦးသူရမောင်နဲ့ တွေ့ဆုံမေးမြန်းထားမှုတွေကို ထပ်ဆင့်ဖော်ပြပေးလိုက်ပါတယ်။

မေး။ ။ အစ်ကိုတို့ဘဏ်အနေနဲ့ Education Loan စတင်ဖြစ်ပုံလေးသိပါရစေ။

ဖြေ။ ။ အစ်ကိုတို့ဘဏ်က Credit Card နဲ့ သင်တန်းတက်ဖို့ ဝန်ဆောင်မှုပေးတဲ့အချိန်မှာ သင်တန်းတက်ချင်တဲ့လူငယ်တွေ အတော်များများလာလျှောက်ကြတာတွေ့ရတော့ ဈေးကွက်ရှိတယ်လို့အစ်ကိုတို့ထင်ပြီးအသေချာလေ့လာလိုက်တော့ ဒါဟာလုပ်သင့်တဲ့ဝန်ဆောင်မှုတစ်ခုအားလုံးအတွက် အကျိုးရှိမယ်ဆိုပြီး လုပ်ဖြစ်တာပါ။ အခုစီးပွားရေးဖွင့်ပေးလိုက်တဲ့ကာလမှာ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတယ်၊ Sanction လည်း ပွင့်လာပြီ၊ နိုင်ငံတကာလုပ်ငန်းတွေဖြစ်တဲ့ Telenor တို့လို လုပ်ငန်းတွေလည်း ဝင်လာပြီ အဲဒါမှာ အလုပ်လုပ်တဲ့သူတွေ များလာတာကို တွေ့ရတယ်။ အရင်တုန်းကအမြင့်ပိုင်းပညာရေးတွေကို သွားချင်တယ်၊ ဒီမှာလည်း ကျောင်းမတက်ချင်ဘူးဆိုရင် နိုင်ငံခြားကျောင်းသွားတက်ရတာပေါ့။ တကယ်တော့ နိုင်ငံခြားထွက်ပြီးပညာသင်သွားတယ်ဆိုတာတစ်နှစ်လုံးမှလူကဖဝဝလောက်ပဲရှိတာ၊ ဒါကလည်းငွေကြေးတက်နိုင်သူတွေလောက်ပဲလုပ်နိုင်တာ၊ အဲဒါတော့ နိုင်ငံခြားမသွားနိုင်တဲ့မြန်မာပြည်ကလူငယ်တွေကြတော့ ဒီကတက္ကသိုလ်တွေမှာပဲတက်ပြီး နေလာကြတော့ ဟိုမှာကျောင်းပြီးတဲ့သူတွေနဲ့တော့ မတူဘူးပေါ့။ တွေးခေါ်ပုံတွေကအစ ကွာခြားမှုတွေရှိတာပေါ့။ ဟိုကတွေးခေါ်ပုံတွေကိုပါ အလေးထားသင်ပေးတော့ လုပ်ငန်းခွင်ဝင်တဲ့နေရာမှာအများကြီးအထောက်အကူပြုပါတယ်။ ကုမ္ပဏီတွေအပိုင်းမှာလည်း အရည်အသွေးမြင့်မားတဲ့လူငယ်အလုပ်သမားတွေအခက်အခဲရှိနေပြန်တယ်။ အစ်ကိုတို့ဘဏ်မှာလည်း Traning Department သီးခြားထားပြီး အလုပ်သမားတွေ အရည်အသွေး မြင့်အောင် လုပ်ပေးရတယ်။ လူတွေမှာ Human Capacity မရှိဘဲ နိုင်ငံကိုဖွံ့ဖြိုးတိုးတက်ဖို့ကမလွယ်ပါဘူး။ အဲတော့ လုပ်သားတွေရဲ့စွမ်းရည်တိုးတက်ဖို့က အဆင့်မြင့်ပညာရေးတွေလိုလာတယ် အခုလိုမျိုး နိုင်ငံတကာကျောင်းတွေ ဖွင့်ထားပြီးပြီဆိုပေမယ့် တကယ်တက်နိုင်ဖို့က သင်တန်းကြေးအခက်အခဲတွေရှိတဲ့အဆင့်ပြေအောင် ဆောင်ရွက်ပေးတာပါ။

မေး။ ။ ဒီလိုလုပ်တဲ့အတွက် အစ်ကိုတို့ဘဏ်အနေနဲ့ ဘာတွေပြင်ဆင်ထားလဲ။

ဖြေ။ ။ အစ်ကိုတို့ဘဏ်က အပေါင်ပစ္စည်းမယူဘဲနဲ့ Hire Purchase လုပ်တယ်ဆိုတာက အစ်ကိုတို့ဘဏ်မှာလည်း Risk တွေရှိပါတယ်။ ဒီလူက ငွေပြန်မဆပ်ဘူးဆိုရင် ဒီရဲ့ဆုံးရှုံးမှုကို ဘယ်သူကခံမလဲဆိုတာပါ။ အဲဒါကြောင့်မို့လို့ Education Loan ကို လုပ်တဲ့နေရာမှာ ကျောဇာသတင်းရှိတဲ့ကျောင်းတွေကိုကြည့်ပြီးဒါမျိုးကို ဘယ်လိုဝေမျှကြမလဲဆိုတာကို ဆွေးနွေးခဲ့ကြရပါတယ်။ ကျောင်းဘက်ကကြည့်ရင်လည်း အစ်ကိုတို့ဘဏ်က ဒါမျိုး ဝန်ဆောင်မှုပေးတဲ့အတွက် ကျောင်းသားတော်တော်များများကပိုပြီးစိတ်ဝင်စားလာမယ်၊ အားလုံးအတွက် အဆင်ပြေမယ့်ဝန်ဆောင်မှုအနေနဲ့ဈေးကွက်ကို မိတ်ဆက်ခဲ့တာပါ။

မေး။ ။ အစ်ကိုတို့ဘဏ်အနေနဲ့ Strategy First Institute နဲ့ပူးပေါင်းပြီးပထမဆုံးစတင်တာပေါ့။

ဖြေ။ ။ မှန်ပါတယ်၊ **Strategy First** နဲ့ပူးပေါင်းပြီး ဒီဝန်ဆောင်မှုကိုပေးဖို့ Idea ကတော့ ပထမဆုံးလို့ ပြောလို့ရပါတယ်။ အဲလိုလုပ်ဖို့အတွက်လည်း ကျောင်းနဲ့ဆွေးနွေးမှုတွေ လုပ်ခဲ့သလို ဈေးကွက်လေ့လာမှုတွေလည်း အသေအချာလုပ်ခဲ့တာပါ။ ဒါပေမဲ့ ဈေးကွက် သုတေသနလုပ်နေတဲ့ အချိန်မှာ တခြားဘဏ်တစ်ခုက ချပြသွားတာရှိပါတယ်။ ဒါပေမဲ့ သူတို့လုပ်တဲ့ပုံစံနဲ့ အစ်ကိုတို့ဘဏ်လုပ်တဲ့ကြားမှာ ကွာခြားမှုလေးတွေရှိပါတယ်၊ အစ်ကိုတို့ဘဏ်အနေနဲ့ ဒီဝန်ဆောင်မှုကိုပေးနိုင်ဖို့ အသေအချာ ပြင်ဆင်ပြီးမှ စတင်လိုက်တာပါ။ ဒါကတော့ ဈေးကွက်စီးပွားရေးစနစ်မှာ ဒီလိုလုပ်ကြတာပဲဆိုပေမယ့် အစ်ကိုတို့ဒီဝန်ဆောင်မှု မပေးခင်ကတည်းက ဈေးကွက်စဉ်ဆက်မပြတ် ဖွံ့ဖြိုးဖို့ရည်ရွယ်ပြီး ကြိုးစားပြီး လုပ်ဆောင်သွားမှာပါ။ နောက်မှာလည်း နိုင်ငံတကာ ကျောင်းတွေနဲ့ ဆက်ပြီး တရားဝင်ပူးပေါင်းပြီး ဝန်ဆောင်မှုချဲ့ထွင်သွားမှာပါ။ အဲအတွက် ဈေးကွက်အားဖြင့်တော့ အစ်ကိုတို့ဘဏ်ကဗျူဟာမြောက်ပါတနာတွေ ပိုများလာမယ်လို့ ယုံကြည်ပါတယ်။

မေး။ ။ အပေါင်မထားဘဲနဲ့ ဝန်ဆောင်မှုထားရတာဆိုတော့ Risk ကို ဘယ်လောက်အထိမှန်းထားလဲ။

ဖြေ။ ။ အဲအတွက် ကျွန်တော်တို့မှာ Risk တော့ အတော်လေးယူရပါတယ်။ ဒါပေမဲ့ အစ်ကိုတို့လုပ်တာကတော့ ပညာရေးဆိုတဲ့အတွက် တခြားသောပုံစံတွေနဲ့မတူပါဘူး။ ဒီဝန်ဆောင်မှုကို ရယူတယ်ဆိုတာက သူရဲ့အရည်အသွေးကို မြှင့်တင်ချင်လို့လုပ်တာပါ၊ ဆိုလိုချင်တာက Credit Card ရနိုင်တဲ့ Risk နဲ့ ဒီပညာရေးဝန်ဆောင်မှုကတက်လာမယ့် Risk ကပိုနည်းမယ်လို့ ယုံကြည်ပါတယ်။ သူက အစ်ကိုတို့ဘဏ်ကရတဲ့ငွေနဲ့ သူဘဝတိုးတက်ဖို့ရှာဖွေမှာမို့လိုပါ။

မေး။ ။ အစ်ကိုတို့တခြားနိုင်ငံတကာကျောင်းတွေနဲ့ ဆက်ပြီးတိုးချဲ့ဝန်ဆောင်မှုပေးဖို့ ရှိတော့ ဈေးကွက်ဘယ်လောက်မှန်းထားလဲ။

ဖြေ။ ။ ဒီဝန်ဆောင်မှုက အခုမှစတာဆိုတော့ ဈေးကွက်ကဘယ်လိုရှိလာမလဲ။ Customer တွေ ဘယ်လိုတုန့်ပြန်လာမလဲဆိုတာကို အခုအချိန်မှာ ယတိပြတ်ပြောလို့တော့ မလွယ်သေးပါဘူး။ အစ်ကိုတို့က Profit ဆိုတာထက်လူတွေပိုပြီး တိုးတက်လာဖို့ မှန်းမိတယ်ပေါ့။ အစ်ကိုတို့ရဲ့ပါတနာဆိုတဲ့နေရာမှာ ကျောင်းတွေတင်မဟုတ်ဘဲကျောင်းသားတွေလည်းပါမယ်။ အဲတော့ နောက်ပိုင်းကြရင် သင်တန်းအသေးလေးတွေကိုပါ ဒါမျိုးဝန်ဆောင်မှုနဲ့ အကျုံးဝင်လာအောင် ဘယ်လိုလုပ်မလဲဆိုတာတွေကအစ စဉ်းစားထားပါတယ်။ အစ်ကိုတို့ တစ်ဆင့်ခြင်းနဲ့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဒီဝန်ဆောင်မှုကို အားလုံးရယူနိုင်အောင် ကြိုးစားပါမယ်။ ဆရာကြီးဒေါက်တာအောင်ထွန်းသက်ပြောသလို ဒီ Education Loan နဲ့ ကျောင်းတက်တဲ့လူငယ်တွေမှာလည်း သူတို့တက်တဲ့ကျောင်းနဲ့ ရမယ့် အသိအမှတ်ပြုလက်မှတ်ကလည်း သူတို့ဘဝတိုးတက်ရေးကိုအမှန်တကယ်အထောက်အကူပြုဖို့ပြောဆိုထားသလိုပဲတကယ်ကိုအောင်မြင်ပြီး နိုင်ငံတကာ အသိအမှတ်ပြုတဲ့ ကျောင်းတွေနဲ့ ပို့ပြီးတိုးတက်အောင် လုပ်သွားပါမယ်။

မေး။ ။ အကြွေးအာမခံ အဖွဲ့အစည်းတွေ မရှိတဲ့အတွက်ဝန်ဆောင်မှုရယူချင်တဲ့လူကိုစိစစ်တဲ့အပိုင်းမှာ ဘယ်လိုအတားအဆီးတွေရှိမလဲ။

ဖြေ။ ။ အခုအစ်ကိုတို့ဆီမှာ Credit Bureaucrat လည်း မရှိသေးတော့၊ Credit Asseptment လုပ်မယ်ဆိုတော့ ပုံစံမျိုးစုံနဲ့ စဉ်းစားရပါတယ်။ အစ်ကိုတို့နိုင်ငံရဲ့ Credit Asseptment နဲ့ တခြားနိုင်ငံတွေမှာ လုပ်တဲ့ပုံစံတွေနဲ့ကလည်း ဘယ်လို့မှမတူနိုင်ဘူး။ နိုင်ငံခြားမှာက ဒီလူဘယ်လောက်လစာရတယ် ဘယ်မှာငွေချေးထားတယ် ပျက်ကွက်မှုက ဘယ်လိုတွေရှိခဲ့သလဲဆိုတာ အလွယ်တကူ အင်တာနက်မှာတက်ရှာလို့ရတယ်၊ ဒီမှာကျတော့ ဒီလိုအချက်အလက်တွေမရှိတော့ အကိုတို့ကျွံထောက်ခံချက်တွေကြည့်တယ်၊ သူတို့ရဲ့လစာပေးနှုန်းတွေကအစ နည်းမျိုးစုံနဲ့ လိုက်ရတာပေါ့။ ဒီမှာ အစ်ကိုတို့ကျတော့လူကိုယ်တိုင်ကအသေအချာစိစစ်ရသလို ဖြစ်နေတယ်၊ နိုင်ငံတကာမှာကျတော့ System အလိုက်သွားနေတာ။

မေး။ ။ ဘဏ်ကချေးပေးမယ့် ရာခိုင်နှုန်းပြောပေးပါဦး။

ဖြေ။ ။ အစ်ကိုတို့ဘဏ်က သင်တန်းကြေး၏ ၈၀ ရာခိုင်နှုန်းကို ချေးပေးပါတယ်။ ပြန်ဆက်ကာလကတော့ (၁) နှစ် (၆) လသတ်မှတ်ပါတယ်။ အစ်ကိုတို့ ဒီလိုသတ်မှတ်တယ်ဆိုတာက အစ်ကိုတို့မှန်းထားတဲ့ ဈေးကွက်ကို အသေချာသုသေသနလုပ်ပြီးမှ သတ်မှတ်ပြီးမှ ၂၀ ရာခိုင်နှုန်းကို ကန့်သတ်ထားတာပါ။ အစ်ကိုတို့ ဒီဝန်ဆောင်မှုရယူတဲ့သူရဲ့ Repayment Ratio ပြန်ဆက်နိုင်စွမ်း အခြေအနေကို ပြန်ကြည့်ရပါတယ်။ ဥပမာ လစာ ၁၀ သိန်း ရတဲ့သူက တစ်လမှာ (၃) သိန်းပဲ ပြန်ပေးရတယ်ဆိုရင် သူ့အတွက်ဝန်မဖြစ်ဘူးပေါ့။ အကယ်၍များ (၅) သိန်းဝင်တဲ့သူကို (၃) သိန်းပြန်ဆပ်ရမယ်ဆိုရင် သူရပ်တည်ဖို့ အဆင်မပြေနိုင်ဘူး။ လစာနည်းရင် လက်ငင်းပေးရမယ့်ငွေကြေးကို မြင့်ပြီး ကျန်ငွေကိုမှ ပေးဆပ်ရမယ့်ကာလနဲ့တွက်ပြီး တစ်လဆက်ရမယ့် ငွေအချိုးကိုနည်းအောင် လုပ်ရတာပါ။

မေး။ ။ အတိုးနှုန်းကိုဘယ်လိုတွက်ယူပါသလဲ။

ဖြေ။ ။ အတိုးနှုန်းကတော့ အခုလောလောဆယ် ၁၃ ရာခိုင်နှုန်းသက်မှတ်ပါတယ်။ ဘာလို့လဲလည်းဆိုတော့ အပေါင်မထားဘဲနဲ့ ငွေထုတ်ချေးရတဲ့အတွက် Risk တွေ များပါတယ်။ နိုင်ငံတကာမှာလည်း ဒီလို Risk များတဲ့ ချေး ငွေတွေကို အတိုးနှုန်းတစ်ခုသတ်မှတ်ကြပါတယ်။ ဒါပေမဲ့ အစ်ကိုတို့ကတော့ ပုံမှန် ၁၃ ရာ ခိုင်နှုန်းပဲ ယူပါတယ်။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ သူငွေကျသွားတာနဲ့အမျှသူရဲ့ချေးငွေအတိုးနှုန်းကလည်း ကျကျသွားပြီးအားလုံးချဲကြည့်ရင် ၁၀ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ ဘာလို့လဲဆိုတော့ တစ်နှစ် ၁၃ ရာခိုင်နှုန်းဆိုတာ အခြေခံတွက်ပေမယ့် ပြန်ဆပ်လို့ကျန်တဲ့ပေါ်မှာပဲ အတိုးနှုန်းကိုပဲ ပြန်တွက်တာကြောင့် နည်းနည်းသွားမှာပါ။

pmrsuES 13 oH

pmrsufESr 12 rS qquf

မေး။ ။ အစိုးရဝန်ထမ်းတွေကော ဒီချေးငွေ ဝန်ဆောင်မှုရနိုင်လား။

ဖြေ။ ။ပုံမှန်အားဖြင့်တော့ လစာဝင်ငွေပုံမှန်ရှိတဲ့ လူတိုင်းရနိုင်ပါတယ်။ နယ်မှရန်ကုန်မှ အဲဒီလို မျိုးတွေ ခွဲခြားထားတာမရှိပါဘူး။ လူတိုင်း အတွက်ပါ။

မေး။ ။ ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးလိုအပ် ချက်လေးပြောပေးပါ။

ဖြေ။ ။အစ်ကိုနိုင်ငံခြားမှာကျောင်းတက်ခဲ့တယ်၊ အလုပ်လုပ်ခဲ့တဲ့ အတွေ့အကြုံတွေ အရဆိုရင် ဒီမှာကအရင်တုန်းကဆိုရင်အလွတ်ကျက်တယ်၊ ဖြေတယ် ပြန်ပြောလို့မရတဲ့ ပုံစံနဲ့ သွားခဲ့ကြ တာပေါ့၊ တကယ် ပညာရေးစနစ်မှာတော့ နိုင်ငံ တော်အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည် ပြော သလိုပေါ့၊ ပညာဆိုတာ ကိုယ့်ဘဝမှာ ကြုံလာ တဲ့အရာတွေကို ဘယ်လိုရင်ဆိုင်မလဲ။ ကျောင်း က ဒီလိုတွေသင်တယ် ဘယ်လိုလုပ်ရတယ် ဆိုပြီး သင်ပေးလိုက်တယ်ဆိုပေမယ့် တကယ် လက်တွေ့နယ်ပယ်ကိုရောက်လာရင်ပေါင်းသင်း ဆက်ဆံရေးတွေ ပါလာတဲ့အတွက် ပညာ ရေးကိုပြောရင် အတန်းပညာတစ်ခုတည်းတင် ပြောမရပါဘူး၊ အပြင်ကရတဲ့ ပညာလူတွေနဲ့ ဆက်ဆံရင်ရတဲ့ပညာတွေအားလုံးကို မြန်မာ ပြည်သူတွေ အားလုံးကျင့်သုံးဖို့ လိုတယ်လို့မြင် ပါတယ်။ တစ်ခါတလေမှာ Facebook ပေါ် တက်ပြီးတစ်ယောက်နဲ့တစ်ယောက်အပစ်ပြော နေတာတို့ တကယ်တမ်းတော့ သူများကိစ္စတွေ အာရုံစိုက်များနေပြီး ကိုယ့်ကိစ္စနဲ့ကိုယ့်အလုပ် မှာ ဘယ်လိုထူးချွန်အောင်လုပ်မလဲ၊ ကိုယ့်ဘဝ ကို ဘယ်လိုကြိုးစားမလဲဆိုတာကို ပိုပြီးအာရုံ စိုက်သင့်တယ်လို့ ထင်ပါတယ်။ နောက်ပြီး လူ ငယ်တွေအနေနဲ့ နည်းနည်းလောက်လုပ်နေပြီး အများကြီးလုပ်တယ်လို့ ထင်နေတယ်။ ဒါက တော့ပညာရေးစနစ်တွေမှာ အတွေးအခေါ် ပိုင်းတွေပိုပြီး လိုအပ်ချက်ရှိနေတယ်လို့ မြင်ပါ တယ်။

ပညာရေးချေးငွေအနေနဲ့တော့ အစ်ကိုတို့ ဇရာဝတီဘဏ်အနေနဲ့ ဈေးကွက်မှာစပြီး ဝန် ဆောင်မှုပေးသလိုဒီထက်ကောင်းတဲ့အစီအစဉ် သစ်တွေနဲ့ ကျောင်းသား ကျောင်းသူတွေ သူတို့ ဘဝတွေမှာ ပိုပြီးအသုံးချနိုင်အောင် ဆက်ပြီး ဆောင်ရွက်သွားမှာပါ။ **SFJ Team**

ငြိုဟ်သားတွေကို အတန်းထဲမှာ အလှူငွေ ၅၀၀၀ ကောက်ပါတယ်။

လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊ ကောင်းစွာသင်ကြား နားလည်စေ

Business Management & Administration (Batch-12-02)
ကျောင်းသား/သူများ၏ ကျိုက်ထီးရိုးခရီးစဉ်

Vacancy Announcement

Clarks BRAUN BÜFFEL MANGO THEFACESHOP Pedro adidas crocs CHARLES & KEITH DAPPER
IPANEMA rider grendha EMPORIO ARMANI DIESEL FOSSIL DKNY

Business Development Team is the leading organization in Fashion Industry and is now managing the international Fashion & Cosmetic brands as sole distributer & franchisee - Adidas, Charles & Keith, Mango, Bonia, Rider & Ipanema, The Face Shop, Crocs, Dapper, Clarks, Ray Ban, Pedro . . . Etc. Now we are planning to do expansion and looking for the following positions.

1) Chief Technology Officer
2) Chief Auditor
3) Chief Marketing Officer
4) Research Manager
5) Brand Manager
6) Online Sale Manager
7) Business Development Executive
8) Retail Shop Manager
9) Spa Manager
10) Sr.Hr Manager
11) Shop Supervisor / Manager
12) Chief Engineer (Especially for retail shops)
13) HR Executive
14) Admin Executive
15) Merchandising Executive
16) Research Executive
17) Marketing Executive
18) Content Writer
19) Joint Sales Coordinator
20) Cooperate Sales Coordinator
21) Graphic Designer
22) Interior Designer
23) Management Trainee
24) Account Trainee
25) Merchandiser
26) Customer Service Staffs
27) Visual Merchandiser

Please send your CV together with Copies of academic certificates, Original and Update Police Clearance form, a copy of family Registration.Form (10), One passport sized photo and a copy of NRC to -

Human Resource Manager
Business Development Team
Creation (Myanmar) Co., Ltd
No.15~18,Thamin Bayan Street, MyittarYeik Mon Housing, Tarmwe Township, Yangon.
Mobile : 09-262107066.
Gmail : bdt.recruitmentmgr@gmail.com

နိုင်ငံတကာဘဏ်လုပ်ငန်းတွေ ဝင်လာသော်လည်း ပြည်တွင်းဘဏ်လုပ်ငန်းမှာ ကြီးမားတဲ့ရှိက်ခတ်မှုမရှိနိုင်ပါဘူးလို့ဆို

နိုင်ငံတကာ ဘဏ်လုပ်ငန်းတွေ လာရောက်လုပ်ကိုင်နေသော်လည်း ပြည်တွင်းဘဏ်လုပ်ငန်းကဏ္ဍမှာ ကြီးမားတဲ့ ရိုက်ခတ်မှုတွေ မရှိနိုင်ပါဘူးလို့ ပဂ္ဂလိကဘဏ်လုပ်ငန်းရှင် အသိုင်းအဝိုင်းက ခန့်မှန်း ပြောဆိုပါတယ်။

ပြီးခဲ့တဲ့လပိုင်းအတွင်းဗဟိုဘဏ်မှနိုင်ငံခြားဘဏ်တွေကိုပြည်တွင်းမှာ လာရောက်လုပ်ကိုင်ဖို့ဘဏ်လုပ်ငန်းလိုင်စင်တွေ ဆက်တိုက်ထုတ်ပေးခဲ့တဲ့အပေါ် ပြည်တွင်းဘဏ် လုပ်ငန်းတာဝန်ရှိသူတွေက ပြောဆိုတာ ဖြစ်ပါတယ်။

ဧရာဝတီ ဘဏ်မှ Retail Banking ဒါရိုက်တာ ဦးသူရမောင် က "နိုင်ငံခြားဘဏ်တွေဝင်လာတဲ့အပေါ် ကျွန်တော် အမြင်ပြောရရင် သူတို့နဲ့ ပြည်တွင်းဘဏ်တွေနဲ့က ဈေးကွက်ခြင်းမတူပါဘူး၊ သူတို့တွေအနေနဲ့ ကျွန်တော်တို့လိုမြို့တွေတိုင်းမှာအရင်းအနှီးကြီးကြီးနဲ့ ဘဏ်ခွဲတွေ လိုက်ဖွင့်ဖို့က လွယ်တာမှမဟုတ်တာ" လို့ပြောပါတယ်။

SFJ Team

ပြီးခဲ့တဲ့ဘဏ္ဍာနှစ်ထက် နိုင်ငံ့ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၁ ဘီလီယံလျော့နည်းကျဆင်း

ပြီးခဲ့တဲ့ဘဏ္ဍာနှစ်ထက် နိုင်ငံ့ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၁ ဘီလီယံဝန်းကျင်လျော့နည်းကျဆင်းနေတယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရသိရပါတယ်။

အခု ၂၀၁၆-၁၇ ဘဏ္ဍာနှစ် ၇ လတာကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံဝန်းကျင်အထိ ကုန်သွယ်မှုလိုငွေတွေဖြစ်ပေါ်နေပေမယ့် ပြီးခဲ့တဲ့ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်ကာလတူမှာ ဖြစ်ပေါ်ခဲ့တဲ့ ကုန်သွယ်မှုလိုငွေ ၂ ဒသမ ၉ ဘီလီယံနဲ့ နှိုင်းယှဉ်ရင်လိုငွေဖြစ်ပေါ်မှုကအခုဘဏ္ဍာနှစ်မှာအတော်ကိုလျော့နည်းသွားတာဖြစ်ပါတယ်။

ဒီဘဏ္ဍာနှစ် ၇လတာကျော်လွန်လာတဲ့အထိ ပိုကုန်အားဖြင့် ကန်ဒေါ်လာ ၆၇၉၁ သန်းအထိ ရှိလာခဲ့ပြီး သွင်းကုန်အားဖြင့် ကန်ဒေါ်လာ ၈၇၈၅ သန်းကို ရောက်ရှိလာခဲ့တာကြောင့် ကုန်သွယ်မှုလိုငွေ တန်ဖိုးက ကန်ဒေါ်လာ ၁၉၉၄ သန်းမှာရှိနေပါတယ်။

အခု ၂၀၁၆-၁၇ ဘဏ္ဍာနှစ် လက်ရှိအချိန်အထိကုန်သွယ်မှုမှစုစုပေါင်းကကန်ဒေါ်လာ ၁၅၅၇၇ သန်း ရရှိထားပြီး ပြီးခဲ့တဲ့ဘဏ္ဍာနှစ် ကုန်သွယ်မှုနဲ့နှိုင်းယှဉ်ရင် ကုန်သွယ်မှုက ကန်ဒေါ်လာသန်း ၁၄၀ ကျော်သာ လျော့နည်းနေတာကိုလည်း ဝန်ကြီးဌာနစာရင်းတွေအရသိရပါတယ်။

SFJ Team

မြန်မာ့စီးပွားရေး တိုးမြှင့်ရေးအတွက် အခွင့်အလမ်းကောင်းများ သယ်ဆောင်လာမယ်လို့ မြန်မာဆိုင်ရာ အမေရိကန်သံအမတ်ပြော

မြန်မာနိုင်ငံရဲ့စီးပွားရေးကဏ္ဍ တိုးမြှင့်နိုင်ရေးအတွက်အခွင့်အလမ်းကောင်းများသယ်ဆောင်လာမယ်လို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး စကော့မာစီရယ်လ်က ကုန်သည်စက်ကမ္ဘအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနဲ့ တွေ့ဆုံချိန်မှာ ပြောကြားခဲ့ပါတယ်။

အမေရိကန် သံအမတ်ကြီး စကော့မာစီရယ်လ်က ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့ ကုန်သည်စက်မှု အသင်းရုံးချုပ်မှာ ယမန်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး သံအမတ်ကြီးက မြန်မာပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရန်ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်ရေးကဏ္ဍများမှာ ပူးပေါင်းလုပ်ဆောင်မယ်သွားမယ်လို့ ဆက်လက်ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံရှိ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများအတွက် နည်းပညာ အကူအညီများ၊ ထုတ်လုပ်မှုစွမ်းအားများကို တိုးမြှင့်ဖို့ လိုအပ်လျက်ရှိတယ်လို့ ပြောဆိုခဲ့ပါတယ်။

SFJ Team

မြန်မာ့စိုက်ပျိုးရေး စားသောက်ထွက်ကုန်တွေအတွက် ဈေးကွက်အသစ်ရရှိဖို့ နိုင်ငံတကာစိုက်ပျိုးရေး၊ အစားအသောက် စံညွှန်းအဖွဲ့တွေက ကူညီလိုတယ်လို့ဆို

မြန်မာ့စိုက်ပျိုးရေး စားသောက်ထွက်ကုန်တွေအတွက် ဈေးကွက်အသစ်ရရှိဖို့နိုင်ငံတကာစိုက်ပျိုးရေးနဲ့ အစားအသောက် စံချိန်စံညွှန်းအဖွဲ့တွေကကူညီလိုတယ်လို့သိရပါတယ်။

မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးစားသောက်ထွက်ကုန်များဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ တာဝန်ယူမှုရှိတဲ့ ကုန်ကြမ်းထုတ်လုပ်သုံးစွဲမှု မြှင့်တင်ရေးနိုင်ငံရေးအတွက် နိုဝင်ဘာ ၈ နဲ့ ၉ ရက်တို့မှာ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)၊ PRIME Agri ကုမ္ပဏီ၊ ကမ္ဘာ့အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ စံချိန်စံညွှန်း သတ်မှတ်ရေးအဖွဲ့အစည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ဆည်မြောင်းဝန်ကြီးဌာန၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စီးပွားရေးလုပ်ငန်းရှင်များက တက်ရောက်ဆွေးနွေးခဲ့ကြပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဒေါက်တာ တင်ထွဋ်က တန်ဖိုးမြင့်စိုက်ပျိုးရေးထွက် ကုန်များအတွက် ဈေးကွက်ကို ချိတ်ဆက် ထိုးဖောက နိုင်ဖို့အတွက် မြန်မာနိုင်ငံမှာ နိုင်ငံတကာစံချိန် စံညွှန်းများအတိုင်း ချမှတ်လုပ်ကိုင်သွားမယ်လို့ပြောကြားခဲ့ပါတယ်။

ကုန်သွယ်မှုတိုးမြှင့်ဖို့ နယ်စပ်ကုန်သွယ်ရေး ဂိတ်စခန်းတွေကို အဆင့်မြှင့်တင်သွားမယ်

မြန်မာ့စီးပွားကူးသန်းဝန်ကြီးအနေနဲ့ ယင်းရဲ့နယ်စပ်ကုန်သွယ်ရေးစခန်းတွေကိုအရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ရဲ့စံနှုန်းတွေနဲ့ ကိုက်ညီအောင်လို့ အဆင့်မြှင့်တင်မှုတွေ ပြုလုပ်သွားဖို့ရှိပြီးတော့ ယင်းကနေတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းကို တိုးမြှင့်စေနိုင်မယ်လို့ မျှော်လင့်ထားတဲ့အကြောင်းဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးကပြောကြားသွားပါတယ်။

အဆိုပါ ကုန်သွယ်မှု ဂိတ်စခန်းတွေအဆင့်မြှင့်တင်ရေးလုပ်ငန်းတွေကိုတော့ အဆင့်သုံးဆင့်နဲ့ အကောင်အထည်ဖော် လုပ်ဆောင်သွားမှာ ဖြစ်တယ်လို့ ဝန်ကြီးဌာနက ဆိုပါတယ်။

ပထမအဆင့်အနေနဲ့ ယင်းနယ်စပ်ကုန်သွယ်ရေး ဂိတ်စခန်းတွေမှာ တာဝန်ချထားတဲ့ဝန်ထမ်းတွေကို သင့်တော်ကောင်းမွန်တဲ့ လစာနှုန်းထားတွေ တိုးမြှင့်ခံစားခွင့်ပေးသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

Xinhua

နိုင်ငံအတွင်းက မိသားစုလုပ်ငန်းနဲ့ SME အများစုမှာ စီမံခန့်ခွဲမှုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်လို့ IFM ထုတ်ပြန်

IFC International Finance Corporation WORLD BANK GROUP

နိုင်ငံတွင်းကမိသားစုလုပ်ငန်းနဲ့ SMEတွေမှာငွေကြေးအပြင်စီမံခန့်ခွဲမှု အခက်အခဲတွေနဲ့ပါ ရင်ဆိုင်နေရတယ်လို့ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC) လေ့လာထားတဲ့စစ်တမ်းတွေအရသိရပါတယ်။

စီမံခန့်ခွဲမှု စနစ်မကျတာတွေကြောင့် မိသားစုလုပ်ငန်းအများမှာ မျိုးဆက်တစ်ခုနဲ့တစ်ခုကြားပိုမိုလျော့နည်း ပျောက်ကွယ်သွားနေတယ်လို့ နိုဝင်ဘာ ၁၂ ရက်နေ့မှာ ထုတ်ပြန်တဲ့ International Finance Corporation (IFC) ရဲ့ မိသားစုစီးပွားရေးလုပ်ငန်း စီမံအုပ်ချုပ်မှုလက်စွဲစာအုပ်မှာ ဖော်ပြလိုက်တာလည်း ဖြစ်ပါတယ်။

" မိသားစုလုပ်ငန်းတွေ ထဲက အများစု ကျဆုံးနေတဲ့ အကြောင်းအရာတွေ အများကြီးထဲမှာ တူညီတဲ့အချက်က စီမံခန့်ခွဲမှုတွေ အတော်အားနည်းနေတာပဲ၊ ဒီကြားထဲမှာ လုပ်ငန်းချဲ့ဖို့က ငွေကြေးတွေက မလုံလောက်သလိုကုန်ကျစရိတ်လျော်ချနိုင်အောင်လည်း မစွမ်းဆောင် နိုင်ကြဘူး" လို့ IFC ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

ကမ္ဘာ့စီးပွားရေး ကျဆင်းမှုနဲ့ ရင်ဆိုင်လာရနိုင်တယ်လို့ စီးပွားရေးပညာရှင် သတိပေး

အမေရိကန်နိုင်ငံရဲ့၄၅ဦးမြောက် သမ္မတသစ်အဖြစ် ဒေါနယ်ထရန့်ရွေးကောက်တင်မြှောက် ခံလိုက်ရတဲ့နောက်ပိုင်း အမေရိကန် စီးပွားရေးပညာရှင် တစ်ဦးဖြစ်တဲ့ Paul Krugman ကတော့ လာမယ့်ကာလမှာ ကမ္ဘာ့စီးပွားရေး ဆုတ်ယုတ်ကျဆင်းမှုရှိလာနိုင်တယ်လို့ သတိပေးလိုက်ပါတယ်။

" ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ကမ္ဘာပေါ်မှာ အရေးကြီးဆုံးသော စီးပွားရေးနိုင်ငံကြီးရဲ့အကြီးအမှူးချုပ်နေရာကို တာဝန်မဲ့ပြီး ယဉ်ကျေးမှုမရှိတဲ့သူတစ်ယောက်လ က်ထဲကို ထည့်ပေးလိုက်တာကတော့ တော်တော်လေးကို ဆိုးရွားတဲ့သတင်းတစ်ခုပါပဲ" လို့ ၎င်းက New York Times သတင်းစာမှာ ရေးသားသွားပါတယ်။

RTE

စံ - ဇာဂီဘို ဟောစာတမ်း

၂၀၁၆ နိုဝင်ဘာလ (၂၁) ရက်နေ့မှ ဒီဇင်ဘာလ (၄) ရက်နေ့အထိ

တနင်္ဂနွေနေ့မွေးသူများ

ရည်မှန်းချက်အောင်မြင်မည်။ ကိုယ်ပိုင်အစွမ်းအစများပေါ်လွင်မည်။ အလုပ်ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန် အခါကျရောက်သည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူကောင်းရရှိမည်။ တွဲဖက်ဆက်စပ်သော လုပ်ငန်းများမှ ကျောင်းသောအကျိုးရမည်။ မိသားစုအတွက် လုပ်ငန်းရှာသူ လုပ်ငန်းရှင် လုပ်ငန်းရှိသူများ အလုပ်တွင် တိုးတက်ခြင်းကြုံမည်။ ငွေကြေးရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်ကောင်းစွာရရှိမည်။ ကိုယ့်အပေါ်နှောင့်ယှက်သူများကို ဖော်ထုတ်ဖယ်ရှားနိုင်မည်။ ပညာသင်တန်းနှင့် ပတ်သက်သော ကိစ္စများအတွက် ရည်ရွယ်ဆောင်ရွက်ခြင်း အောင်မြင်မည်။ ဤကာလအတွင်း ကံကောင်းစေသော အရောင် - အစိမ်းရောင်၊ အဖြူရောင်၊ အနီရောင်။ အကျိုးပေးဂဏန်း - ၈၊ ၄၊ ၆၊ ၁။ ယတြာ - ကံကောင်းစေရန် ခရမ်းရောင်သစ်ခွပန်းတို့ကို မိမိနံဘေးတွင် စိုက်ပျိုးထားရှိပါ။

တနလာ်နေ့မွေးသူများ

ငွေအဖတ်မတင်။ရသင့်သည်များကြန့်ကြာမည်။ဝင်လာသောငွေများသည်လည်းအကြောင်းအမျိုးမျိုးနှင့်ထွက်မည်။ပုံမှန်ထက်ကုန်ကျမှုများပြားမည်။အလုပ်ပို၊ ကိစ္စပိုများ ဆောင်ရွက်နေရမည်။ တစ်ပါးသူကိစ္စများ၊ အဖွဲ့အစည်းကိစ္စများ တာဝန်ယူဆောင်ရွက်ရမည်။လုပ်ငန်းတွင်း၌ဖြစ်စေ ပြဿနာပဋိပက္ခများကို ကြားဝင်ဖြေရှင်းပေးရလိမ့်မည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသောပြဿနာများကိုလည်း အချိန်ကုန်၊ ငွေကုန်ခံပြီး ဆောင်ရွက်ပေးနေရမည်။ ပညာအတတ်နှင့် တိုးတက်မှုများ ဖန်တီးနိုင်မည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် - အစိမ်းရင့်ရောင်၊ မီးခိုးရင့်ရောင်၊ နက်ပြာရောင်။ အကျိုးပေးဂဏန်း - ၁၊ ၄၊ ၂၊ ၆ ။ ယတြာ - စတီးပန်းအိုးတွင်း အရောင်မတူကျောက်စရစ်ခဲ (၂) ခဲထည့်၍ ကာနေးရှင်းရောင်စုံ မကြာခဏထိုးပါ။



အင်္ဂါနေ့မွေးသူများ

ပြဿနာကောင်းများ ပြန်လည်ဖြေရှင်းရမည်။ ပြတ်နေသော ချစ်သူဟောင်းနှင့် ပြန်လည်ဆက်နွယ်နေမည်။ မိသားစုအတွက် ရည်စူးဆောင်ရွက်သောကိစ္စများအောင်မြင်မည်။ မင်္ဂလာကိစ္စများ ပါဝင်ပတ်သက် ရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ အလုပ်တိုးတက်မည်။ ဘဝအဆင့်တိုးတက်မည်။ ငွေကြေး ကံကောင်းမည်။ ကိုယ်ပိုင်စိတ်ကူးနှင့် ဆောင်ရွက်သည်များမှ အဆင့်မြင့်အကျိုးဆက်များရရှိမည်။ သူတစ်ပါးကြောင့်ဖြစ်သောပြဿများကို အပြီးပြတ်ဖြေရှင်းနိုင်မည်။ လုပ်သမျှ လူသိရှင်ကြားဖြစ်မည်။ လျှို့ဝှက်၍မရ။ ပေါ်ပေါက်လာသော အခွင့်အရေးသစ်ကို အသုံးချ၍ အလုပ်စီးပွားတိုးတက်မည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် - အစိမ်းရောင်၊ အပြာရင့်ရောင်၊ နက်ပြာရောင် ။ အကျိုးပေးဂဏန်း - ၇၊ ၆၊ ၂၊ ၄ ။ ယတြာ - ငါးရုပ်မျက်နှာသုတ်ပဝါ တစ်ခုဝယ်ယူပြီး အိမ်ရှေ့ဝန်းကျင်တွင် ထားရှိပေးပါ။

ဗုဒ္ဓဟူးနေ့မွေးသူများ

အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများတွင် အလိုအလျောက်ပါဝင်ရမည်။ဗုဒ္ဓဟူးနံ ရွှေ၊ ရေ၊ လူ၊ လယ်ယာမြေ စသည်များ အကျိုးပေးမည်။ ရေလုပ်ငန်း၊ လေ့လုပ်ငန်းများနှင့်မထင်မှတ်ဘဲပတ်သက်ပြီးအကျိုးကောင်းရမည်။ရေခြား၊ မြေခြားနှင့်တိုက်ရိုက်မထင်မှတ်ဘဲပတ်သက်ပြီးအကျိုးကောင်းရမည်။ရေခြား၊မြေခြားနှင့်တိုက်ရိုက်ဆက်ဆံပြီး လုပ်သောကိစ္စများ အကျိုးပေးမည်။ တောင်အရပ်မှ တရုတ်လူမျိုးတစ်ဦးနှင့်ပတ်သက်၍ ငွေကြေးဝင်ခြင်း၊ အကြံအောင်ခြင်း ဖြစ်ပေါ်မည်။ အနောက်တောင်အရပ်မှ ငွေဝင်ခြင်းရှိမည်။ မိမိကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း မြေဝင်ခြင်းရှိမည်။ မင်းစိုးရာဇာအကြီးအကဲများ အထောက်အကူရမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် - နက်ပြာ၊ ကြက်သွေး၊ အပြာရင့် ။ အကျိုးပေးဂဏန်း - ၈၊ ၁၊ ၅၊ ၉ ။ ယတြာ - သံဃာတော်များအား စတုမဓူ လှူဒါန်းပါ။

ကြာသပတေးနေ့မွေးသူများ

အတိုက်အခံ အခက်အခဲမှန်သမျှကို ကျော်လွှားး၍ အလုပ်အကြံအစည် ရည်ရွယ်ချက်တို့ကို ရှေ့တိုးလုပ်ကိုင်နိုင်သည်။ အလုပ်အောင်မြင်မည်။ သို့သော် အလုပ်တွင်ကားမှန်းသလောက်မရ။စာရွက်စတမ်းကိစ္စများတွင် ပြောဆိုမှုများအဆင်ပြေမည်။ အတိတ်မှ အားနည်းချက်တို့ကို ဖော်ထုတ်၍ တိုက်ခိုက်နှောင့်ယှက်သူတို့၏ဘေးမှ လွတ်ကင်းမည်။ ခရီးသွား၍ အကျိုးရှိမည်။ လူမျိုးကွဲ အကျိုးပေးမည်။ အပြောင်းအလဲနှင့် တိုးတက်မှုများ ပူးတွဲဖြစ်ပေါ်မည်။ စကားအရှုပ်အရှင်းများ ဖြေရှင်းရမည်။ ငွေကြေးကိစ္စနှင့် လူမှုရေးပြဿနာများကို ရင်ဆိုင်နေရမည်။ အတွင်းလူထံမှ သတင်းပေါက်ကြားတတ်သည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် - အစိမ်းရောင်၊ အဝါရောင်၊ နက်ပြာရောင်။ အကျိုးပေးဂဏန်း - ၈၊ ၄၊ ၆၊ ၁။ ယတြာ - အုန်းပင်တစ်ပင်ကို ကျောမှီပြီး ကိုယ်တိုင် ဓာတ်ပုံရိုက်၍ အနီးတွင်ထားပါ။

သောကြာနေ့မွေးသူများ

အပြိုင်အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။မူလမှန်းထားသည်နှင့်လက်တွေ့ကွာခြားမည်။ကျန်းမာရေးအညံ့ရှိမည်။ ရုတ်တရက်ပြောင်းလဲလာသော အခြေအနေကြောင့် အလုပ်ကိစ္စနှင့် အစီအစဉ် အလုံးစုံ ရပ်ဆိုင်း၍ အသွင်သစ် ပြောင်းလဲရမည်။ အရင်းအနှီးများသော မြှုပ်နှံမှုများ မလုပ်ရ။ တစ်ပါးသူစကားနားထောင်၍ ဆောင်ရွက်သည်များမှ အမှားအယွင်းများ ကြုံမည်။ ကိုယ်ပိုင် ဆုံးဖြတ်ချက် အပေါ် အခြေခံ၍ ဆောင်ရွက်ခြင်းမှ အကျိုးကောင်းရမည်။ အချိန်မီပြုပြင်ခြင်း မရှိသောကြောင့် အပျက်အစီးများမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် - အစိမ်းရောင်၊ မီးခိုးရောင်၊ အဝါရောင်။ အကျိုးပေးဂဏန်း - ၃၊ ၆၊ ၄၊ ၀။ ယတြာ - သစ်သီး (၉) လုံး ကို နေအိမ်၏အရှေ့အရပ်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းသို့သွား၍ လှူဒါန်းပါ။

စနေနေ့မွေးသူများ

လုပ်သမျှ အောင်မြင်မည်။ ရည်ရွယ်ချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ မိတ်ကောင်း၊ ဆွေကောင်း အထောက်အကူရမည်။ နေအိမ် နေရာ၊ အလုပ်နေရာ တိုးချဲ့ခြင်းဆောင်ရွက်ရန် အခါသင့်သည်။ အလုပ်သစ်စတင်နိုင်သည်။ လူမျိုးကွဲအကျိုးပေးမည်။ မရောက်ဖူးသော နေရာသစ်များ သို့ ရောက်ရှိမည်။ ချက်ချင်းဆုံးဖြတ်၍ ရှေ့တိုးလုပ်ကိုင်ခြင်းများ မှ တိုးတက်မှုများ ရရှိမည်။ ပညာသင်တန်းနှင့် ပတ်သက်သော ရည်ရွယ်ချက်များကို ရှေ့တိုးဆောင်ရွက်နိုင်မည်။ ဤကာလအတွင်းကံကောင်းစေသောအရောင် - အဖြူရောင်၊ အစိမ်းရောင်၊ မီးခိုးရင့်ရောင်အကျိုးပေးဂဏန်း - ၁၊ ၄၊ ၂၊ ၀ယတြာ - အဝါရောင်နှင့် အစိမ်းရောင်းနှစ်မျိုးရောစပ်သော အင်္ကျီတစ်ထည် ဝယ်၍ ဝတ်ဆင်ပါ။

ချမ်းမြေ့မေတ္တာ တို့ပြန်ပါသည်။

စံ - ဇာဂီဘို

brought to you in Myanmar by

STRATEGY FIRST INSTITUTE

U KYAW LWIN OO, CHAIRMAN
EVER GROUP OF COMPANIES.

MA KHAING YEE PHYO HAN, MEDICAL EXECUTIVE
(WIN SAMMERING SPECIALIST CLINIC & MEDICAL CHECK UP CENTER)

KO HAN WIN HTUT, DIRECTOR
(SKIN GAY HAR)

MA EAIN SE PHYU, BUSINESS DEVELOPMENT DIRECTOR
(ARBINDMAR HOTEL, OASIS HOTEL, NEW AGE TRAVELLERS, NEW AGE FOOD PRODUCTS)

KO HTET MYET OO, MANAGING DIRECTOR
KHAINT NYAN HTUT CO., LTD.

MA NANG KYAN MON, DIRECTOR
IMPERIAL SILVER MOON TRADING CO., LTD.

မြန်မာနိုင်ငံတွင်တက်ရောက်နိုင်သောနိုင်ငံတကာ **MBA**များတွင် အကောင်းဆုံးနှင့်ဂုဏ်သိက္ခာအကြီးမားဆုံးသော **MBA**

UK နိုင်ငံ Heriot-Watt University, Edinburgh Business School မှ MBA, MBA (Finance), MBA (Marketing), MBA (HRM) နှင့် MSc programmes များကို Strategy First Institute မှ တရားဝင်အသိအမှတ်ပြု မိတ်ဖက်အဖြစ် ယှဉ်ဆောင်လာခဲ့ပြီဖြစ်ပါသည်။

UK, Scotland ရှိ Heriot-Watt University ကို 1821 တွင်တည်ထောင်ခဲ့ပြီး UK တွင် (၉) ခုမြောက်သက်တမ်းအရှည်ဆုံး အဆင့်မြင့်ပညာရေးအဖွဲ့အစည်း ဖြစ်ပါသည်။ UK နိုင်ငံရှိ တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်ကို ဖော်ပြသော UK Guardian University League Table 2017 တွင် Heriot-Watt University သည် နံပါတ် (၂၇) နေရာရရှိထားပြီး QS World's Ranking အရကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များတွင် အဆင့် (၃၂၇) ရှိသော တက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ Edinburgh Business School (EBS) သည် Heriot-Watt University ၏ ဘွဲ့လွန်စီးပွားရေးသင်တန်းများကို သင်ကြားပေးနေသောဌာနတစ်ခုဖြစ်ပါသည်။

MBA သင်တန်းများအတွက် လိုအပ်ချက်များမှာ -

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားရမည် | လုပ်သက်အတွေ့အကြုံအနည်းဆုံး (၃) နှစ် | IELTS 6.5 ရရှိထားရန် လိုအပ်ပါသည်။

သင်တန်းကြေးများမှာ MBA (General) 9675 USD + 5,000,000 Kyats, MBA (with Specialism) 11800 USD + 5,000,000 Kyats ဘာသာရပ်အားလုံးကို UK မှ တိုက်ရိုက်စာမေးပွဲစစ်ဆေး ဆုံးဖြတ်ပါသည်။

သင်တန်းများအောင်မြင်ပြီးဆုံးသည့်အခါ UK Heriot-Watt University Campus များတွင်ကျင်းပသော ဘွဲ့နှင်းသဘင်တွင် တက်ရောက်ရပေနိုင်ပါသည်။ အတန်းဖို့များသည် ရုံးပိတ်ရက်များနှင့် ရုံးဖို့နှင်လွတ်သင်တန်းဖို့များဖြစ်ပါသည်။ (၁၈) လ ကြာမြင့်ပါမည်။

AYA Bank
Your Trusted Partner ရောတီဘဏ်

AYA Bank Education Loan နဲ့ သင်တန်းကြေးပေးသွင်းခြင်း

EBS MBA (General) (၁၈)လပေးသွင်းရန်	
ကနဦးပေးသွင်းငွေ ၂၀ရာခိုင်နှုန်း	၃,၄၉၇,၀၀၀ကျပ်
လစဉ်ပေးသွင်းငွေ	၈၅၉,၅၀၀ကျပ်
ဘက်အတိုးအပါကျသင့်ငွေပေါင်း	၁၈,၉၆၃,၉၁၀ကျပ်

ဒေါ်လာငွေ ၂,၉၀ဖြင့်တွက်ချက်ပေးထားခြင်းဖြစ်ပါသည်။ ကျောင်းဆား /ကျောင်းသူတောင်များအတွက် အထူး Discount ကိုစုစမ်းနိုင်ပါသည်။

- သင်တန်းကြေးကို (၆) ကြိမ်ထိ အရစ်ကျပေးသွင်းနိုင်ပြီး AYA Bank ၏ Student Loan ကိုလျှောက်ထားခြင်းဖြင့်လည်း အရစ်ကျပေးသွင်းနိုင်ပါသည်။
- Installment plan လျှောက်ထားရန် နောက်ဆုံးရက် - 15th Dec 2016

Application Deadline for Batch (2) - 15th December 2016

EDINBURGH
BUSINESS SCHOOL
HERIOT-WATT UNIVERSITY

MBA

General Finance HRM Marketing



#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.
No. 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.

Apply Now - (09) 450177770, (09) 250 717168

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

သင်ဘောင်မြင်ဖို့ စီးပွားရေးဘမြင်သစ်တွေ ဆောင်ကြဉ်းပေးမယ့်

SFJ STRATEGY FIRST JOURNAL

YOUR ULTIMATE GUIDE TO ENTREPRENEURSHIP, MARKETING & EXECUTIVE LIFESTYLE

စီးပွားရေးပညာရှင်များရဲ့သုံးသပ်ချက်များ၊ အောင်မြင်တဲ့လုပ်ငန်းရှင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊
ဆန်းသစ်တဲ့ စီးပွားရေးအမြင်များ၊ မားကတ်တင်းနည်းဗျူဟာများ လေ့လာဖတ်ရှုနိုင်ပါတယ်။

SFJ ဂျာနယ်ကို STRATEGY FIRST INSTITUTE မှ စီစဉ်တင်ဆက်နေတာဖြစ်ပြီး
Facebook ကို Like လုပ်ပြီး Follow လုပ်ထားမယ်ဆိုရင် နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေတဲ့
ပြည်တွင်း၊ ပြည်ပ သတင်းနဲ့ အထူးတင်ဆက်မှုတွေကို ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။

The STRATEGY FIRST Times

လစဉ်ထုတ် STRATEGY FIRST JOURNAL နှင့် နှစ်ပတ်တစ်ကြိမ် အခမဲ့ အစောင်ရေ ၂၅၀၀ ထုတ်ဝေပြီး
ကျောင်းသား၊ကျောင်းသူ ၅၀၀၀ ဆီ Email ဖြင့် ပေးပို့နေသော The STRATEGY FIRST Times တို့မှာ

ကြော်ငြာများ လက်ခံနေပါပြီ။

#8, Ground Floor, Panchan Tower, Bargayar Road, Myaynigone, Sanchaung Tsp., Yangon, Myanmar. Ph: (09) 26 141 7771 | email: info.sfj@gmail.com